SKY NET

# E-GUIDE

Vol - 1 : No-16

2-8 December - 2017



# စုံထောက် တင်မောင်ဆွေ

၇.၁၂.၂၀၁၇ (ကြာသပတေး) ည ၇း၀၀ နာရီ

ကြော်ငြာများ
ထည့်သွင်းလိုပါက ဖုန်း-09 448620567၊ 09 979164030၊ 09 454898855 များသို့ ဆက်သွယ်နိုင်ပါသည်။











# မြတ်ဗုဒ္ဓ၏ ထေရဝါဒ သာသနာ

## ၇.၁၂.၂၀၁၇ (ကြာသပတေး) နံနက် ၉း၄၅ နာရီ ဘဒ္ဒန္တတိလောကာဘိဝံသ (အင်းစိန်ရွာမ ဆရာတော်)

"ငါဘုရား ပညတ်တော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်တို့၌ အလွန့်အလွန်သေးငယ်သော သိက္ခာပုဒ်များရှိကြောင်း၊ ထိုသိက္ခာပုဒ်များကို ပယ်ဖြုတ်လိုက ပယ်ဖြုတ်နိုင်ကြောင်း၊ တရားဓမ္မနှင့်စပ်လျဉ်း၍ သံသယရှိပါက မေးမြန်းလျှောက်ထားနိုင်ကြောင်း။"တို့ကို ဘုရားရှင်သည် ပရိနိဗ္ဗာန်စံခါနီးတွင် မိန့်တော်မူခဲ့သည်။ သို့ပါသော်လည်း ရဟန်းသံဃာတော်များသည် ဆိတ်ဆိတ်နေကြစဉ် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ပထမသံဂါယနာတင်ပွဲကြီးတွင် ရှင်မဟာကဿပထေရ် အစရှိသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ် ၅၀၀တို့သည် မူဝါဒသုံးရပ်ကို ချမှတ်တော်မူခဲ့ကြသည်။

၁။ ဘုရားရှင် ပညတ်တော်မမူခဲ့သည်တို့ကို မပညတ်ကြရန်

၂။ ဘုရားရှင် ပညတ်ခဲ့သည်တို့ကို မပယ်ဖြုတ်ကြရန်

၃။ ဘုရားရှင် ပညတ်ခဲ့သည့်အတိုင်း လိုက်နာကျင့်သုံးကြရန်တို့ဖြစ်ကြသည်။ ရှင်မဟာကဿပအစရှိသော ထေရ်အရှင်မြတ်တို့ လိုက်နာကျင့်သုံးခဲ့သော မူဝါဒစကားတော်ကို ထေရဝါဒဟု ခေါ် ဆိုရလေသည်။ သက်သတ်လွတ်နှင့်စပ်လျဉ်း၍ စားသုံးမှုသည် အဓိကမကျဘဲရှိသမျှရသမျှနှင့်သာ ရောင့်ရဲတင်းတိမ်မှုဟူသော သန္တုဋ္ဌိဖြစ်ဖို့သာ အဓိကကျကြောင်းတို့ကို လမ်းညွှန်ဆုံးမတော်မူ၏။

# SKYNET Packages များတွင်ပါဝင်သော Channel များ

## SN 3 + HD Packages ( 119 Channels )

| Sr : No | Logo | Ch: No | Channel Name |
|---|---|---|---|
| 1 | | 1 | BUDDHA ( FTA ) |
| 2 | | 2 | MRTV ( FTA ) |
| 3 | | 3 | MWD |
| 4 | | 4 | MRTV-E ( FTA ) |
| 5 | | 5 | MITV ( FTA ) |
| 6 | | 6 | MNTV ( FTA ) |
| 7 | | 7 | M-BIZ |
| 8 | | 8 | CHANNEL ONE |
| 9 | | 9 | CHANNEL 9 |
| 10 | | 10 | CARTOONS NETWORK |
| 11 | | 11 | NICK JR ( JUNIOR ) |
| 12 | | 12 | SKYNET CARTOONS |
| 13 | | 13 | BABY TV |
| 14 | | 14 | NICKELODEON |
| 15 | | 15 | HADAYA |
| 16 | | 16 | MYANMAR MOVIES |
| 17 | | 17 | MYANMAR ARTS |
| 18 | | 18 | ASIAN MOVIES |
| 19 | | 19 | WORLD MOVIES |
| 20 | | 20 | FOX MOVIES |
| 21 | | 21 | FOX FAMILY MOVIES |
| 22 | | 22 | ZEE CINEMA ME |
| 23 | | 23 | SKYNET MUSIC |
| 24 | | 24 | CHANNEL V |
| 25 | | 25 | NET GEO MUSIC |
| 26 | | 26 | ZING |
| 27 | | 27 | MTV CHINA |
| 28 | | 28 | MTV SEA |
| 29 | | 29 | SKYNET TEEN |
| 30 | | 30 | FASHION ONE |
| 31 | | 31 | WORLD DRAMA |
| 32 | | 32 | INTERNATIONAL DRAMA |
| 33 | | 33 | ZEE TV |
| 34 | | 34 | FOX CRIME |
| 35 | | 35 | FOX LIFE |
| 36 | | 37 | FX |
| 37 | | 38 | TVN |
| 38 | | 39 | KBS WORLD |
| 39 | | 40 | ARIRANG |
| 40 | | 41 | NHK WORLD PREMIUM |
| 41 | | 42 | NHK WORLD TV |
| 42 | | 43 | CGTN |
| 43 | | 44 | CCTV-4 |
| 44 | | 45 | CGTN DOCUMENTARY |
| 45 | | 46 | CNBC |
| 46 | | 47 | BLOOMBERG |
| 47 | | 48 | STAR CHINESE MOVIES |
| 48 | | 49 | CNAI |
| 49 | | 50 | DWTV |
| 50 | | 51 | FRANCE 24 |
| 51 | | 52 | PHOENIX INFO NEWS |
| 52 | | 53 | SKYNET SPORTS - 1 |
| 53 | | 54 | SKYNET SPORTS - 2 |
| 54 | | 55 | SKYNET SPORTS - 3 |
| 55 | | 56 | FOX SPORTS 1 |
| 56 | | 57 | FOX SPORTS 2 |
| 57 | | 58 | FOX SPORTS 3 |
| 58 | | 59 | SKYNET SPORTS PLUS |
| 59 | | 60 | GOLF |
| 60 | | 61 | SKYNET LIVE CHANNEL |
| 61 | | 62 | MONEY CHANNEL |
| 62 | | 63 | DISNEY CHANNEL ASIA |
| 63 | | 64 | DISNEY JUNIOR ASIA |
| 64 | | 65 | SKYNET KNOWLEDGE |
| 65 | | 66 | NGC |
| 66 | | 67 | NAT GEO WILD |
| 67 | | 68 | NAT GEO PEOPLE |
| 68 | | 69 | ANIMAL PLANET |
| 69 | | 70 | DISCOVERY |
| 70 | | 71 | DISCOVERY TLC |
| 71 | | 72 | EVE |
| 72 | | 73 | Discovery Science |
| 73 | | 74 | DMAX |
| 74 | | 75 | Discovery Kids |
| 75 | | 76 | HLUTTAW |
| 76 | | 78 | GLOBALNET |
| 77 | | 79 | UP TO DATE |
| 78 | | 80 | COMEDY CENTRAL |
| 79 | | 81 | RED BY HBO |
| 80 | | 82 | BOOMERANG |
| 81 | | 83 | BBC EARTH |
| 82 | | 84 | BBC CBEEBIES |
| 83 | | 85 | BBC WORLD NEWS |
| 84 | | 86 | STATE & DIVISION |
| 85 | | 87 | EDGE SPORTS |
| 86 | | 88 | MOTORVISION |
| 87 | | 90 | LIFE TIME |
| 88 | | 91 | EGG NETWORK |
| 89 | | 92 | DIVA UNIVERSAL |
| 90 | | 93 | E! |
| 91 | | 94 | EDUCATION |
| 92 | | 95 | ALFC |
| 93 | | 96 | HEALTH |
| 94 | | 97 | TINE_YIN_THAR |
| 95 | | 98 | HOME |
| 96 | | 99 | SKYNET SPORTS - 4 |
| 97 | | 100 | SKYNET SPORTS - 5 |
| 98 | | 101 | SKYNET SPORTS - 6 |
| 99 | | 102 | EURO SPORTS |
| 100 | | 103 | SKY NEWS |
| 101 | | 105 | EURO SPORTS NEWS |
| 102 | | 106 | ANIMAX |
| 103 | | 107 | AXN |
| 104 | | 108 | STAR CHINESE CHANNEL |
| 105 | | 109 | FYI |
| 106 | | 110 | CNN |
| 107 | | 111 | HBO |
| 108 | | 112 | CINEMAX |
| 109 | | 113 | SUN TV |
| 110 | | 115 | SKYNET SPORTS **HD** |
| 111 | | 116 | MTV LIVE **HD** |
| 112 | | 117 | DISCOVERY ASIA **HD** |
| 113 | | 118 | HBO **HD** |
| 114 | | 119 | SKYNET MOVIES **HD** |
| 115 | | 120 | SKYNET PAY PAR VIEW **HD** |
| 116 | | 121 | DISNEY XD **HD** |
| 117 | | 122 | HISTORY **HD** |
| 118 | | 123 | FIGHT SPORTS **HD** |
| 119 | | 124 | FOX ACTION MOVIES **HD** |

*Channel များအခါအားလျော်စွာအပြောင်းအလဲရှိနိုင်ပါသည်။*



# စုံထောက် တင်မောင်ဆွေ

ရွှေသံလွင် မီဒီယာကုမ္ပဏီနှင့် ဇမ္ဗူတလူ ဗီဒီယို ထုတ်လုပ်ရေးတို့ ပူးပေါင်းတင်ဆက်ထားတဲ့ စုံထောက် တင်မောင်ဆွေရဲ့ စုံထောက်ဇာတ်လမ်းတွဲတွေကို ဒီဇင်ဘာ ၇.၁၂.၂၀၁၇ရက်နေ့မှ စတင်ပြီး ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။ အမှုမှန်ပေါ် ပေါက်တဲ့အထိ စုံစမ်းထောက်လှမ်းမယ့် စုံထောက် တင်မောင်ဆွေက မှုခင်းရေးရာအဖြာဖြာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ၊ မှုခင်းနဲ့ ဆက်စပ်နေတဲ့ ကွင်းဆက်တွေကို ဘယ်လိုဖော်ထုတ် သွားမလဲ၊ သတင်းတွေကို ကွင်းဆက်မိမိနဲ့ အသက်အန္တရာယ်ကိုတောင်မထောက်ဘဲ ဘယ်လိုဖော်ထုတ်သွားမလဲ၊ အမှုမှန်ကို စုံစမ်းရင်းဘဝမှာ မမျှော်လင့်တာတွေ ဖြစ်လာဦးမလားဆိုတာကိုတော့ Myanmar Arts Channel ကနေ ထုတ်လွှင့်ပြသမှာ ဖြစ်တဲ့အတွက် စောင့်မျှော်ကြည့်ရှုနိုင်ပါတယ်။

စုံထောက် တင်မောင်ဆွေ ဇာတ်လမ်းများမှာ သရုပ်ဆောင်မင်းသားအဖြစ် ထိုက်တန်လင်းက အဓိကသရုပ်ဆောင်ထားပြီး မိုးပြည့်ပြည့်မောင်၊ မေပန်းချီ၊ သဏ္ဍာမြင့်မိုရ်၊ ခင်ဖြူဖြူသန့်နဲ့အတူ အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ရိုက်ကူးထားပါတယ်။

စုံထောက် တင်မောင်ဆွေရဲ့ စုံထောက်ဇာတ်လမ်းတွဲတွေကတော့

၁။ စုံထောက် တင်မောင်ဆွေနှင့် သေဘုစုနစ်ချောင်း
၂။ စုံထောက် တင်မောင်ဆွေနှင့် နဂါးလက်သည်း
၃။ စုံထောက် တင်မောင်ဆွေနှင့် ပျောက်ဆုံးနေသောသား
၄။ စုံထောက် တင်မောင်ဆွေနှင့် ညဒေဝီ
၅။ စုံထောက်တင်မောင်ဆွေနှင့် ကေသီမြိုင်

အစရှိတဲ့ဇာတ်ကားတွေကို ထုတ်လွှင့်ပြမှာဖြစ်ကြောင်း သတင်းကောင်းပါးဖော်ပြလိုက်ရပါတယ်။







သူဌေးကြီး ဦးချန်ဂီက သူ့သေရင် အလောင်းကို ခမ်းခမ်းနားနားနဲ့ ထားလို့ရအောင် သင်္ချိုင်းဂူတစ်ခု ကိုဆောက်လုပ်ခဲ့တယ်။ သူဌေးကြီးအိမ် ပတ်ဝန်း ကျင်မှာ သော့ခုနစ်ချောင်းတွေနေတာ ဘာ့ကြောင့် လဲ၊ ဒေါ်ကံထားကရော သော့နဲ့ပတ်သက်ပြီး ဘာ တွေသိထားသလဲ၊ သူဌေးကြီး ဦးချန်ဂီက သူ့သင်္ချိုင်း မှာ ဘာတွေလျှို့ဝှက်ထားခဲ့လဲ၊ စုံထောက်တင်မောင် ဆွေက သဲလွန်စတွေကို ဘယ်လိုဖော်ထုတ်မလဲ



# စုံထောက် တင်မောင်ဆွေနှင့် သော့ခုနစ်ချောင်း



**ထိုက်တန်လင်း၊ သဥ္ဇာမြင့်မိုရ်၊ စိုးမိုးကြည်၊ ကိုကိုဦး**

၇.၁၂.၂၀၁၇ (ကြာသပတေး) ည ၇း၀၀ နာရီ
၈.၁၂.၂၀၁၇ (သောကြာ) ည ၇း၀၀ နာရီ



ဆိုတာကိုတော့ SKYNET Myanmar Arts Channel က ပြသ မှာဖြစ်တဲ့အတွက် စောင့်မျှော်ကြည့်ရှု နိုင်ပါတယ်။





ရောင်နီမှာအစ်မတစ်ယောက်ရှိတယ်။ တစ်နေ့မှာ သူအိမ်ထောင်ပြုလိုက်ပြီဖြစ်ကြောင်းနဲ့ ရန်ကုန်မှာ လက်ထပ်ပြီး ကလောမှာပြန်လာနေမယ်ဆိုတဲ့အကြောင်း အစ်မဖြစ်သူဆီကို ဖုန်းဆက်အကြောင်းကြားခဲ့တယ်။ လက်ထပ်ပြီးမှ သိရတဲ့အတွက် အစ်မဖြစ်သူက စိတ်မကောင်းဖြစ်ခဲ့တယ်။ ရောင်နီဟာ သူ့အမျိုးသမီး ဖြစ်သူ ယုယကို ကလောခေါ်လာခဲ့တယ်။ ရောင်နီ့အစ်မက ယုယအပေါ် စိတ်ထဲဘဝင်မကျပေမယ့် ဟန်ဆောင်ပြုံးပြကာ နေထိုင်ခဲ့တယ်။



# ရက်ရက်စက်စက်ချစ်တတ်သူ

## မောင်၊ စိုးမြတ်နန္ဒာ၊ စိုးပြည့်သဇင်

၂.၁၂.၂၀၁၇ ( စနေ )၊ ည ၇း၀၀ နာရီ

ရောင်နီ့အစ်မက စိတ်သဘော သေးသိမ်ကြောင်း အိမ်နီးချင်းတွေ သတိပေး ပြောကြားပေမယ့် ယုယက အစပိုင်းမှာ စိတ်ထဲမထားဘဲ အစ်မတစ်ယောက်လို ချစ်ချစ်ခင်ခင်နေခဲ့တယ်။ နောက်ပိုင်းမှာတော့ ရောင်နီ့အစ်မရဲ့ ဟန်ဆောင် အပြုံးတွေက တစ်စထက်တစ်စ ကွာကျလာခဲ့တယ်။ ရောင်နီ့အစ်မက ယုယအပေါ် ဘာကြောင့် ဘဝင်မကျခဲ့သလဲ၊ ယုယအပေါ် ဘယ်လောက်ထိ နှိပ်စက်ပြုမူမလဲ၊ ရောင်နီတို့ မောင်နှမနှစ်ယောက်က သွေးသားတော်စပ်မှု ရှိတာရော ဟုတ်ရဲ့လား၊ ရောင်နီနဲ့ ယုယတို့ အိမ်ထောင်ရေး ရှေ့ဆက် ဘာတွေဖြစ်မလဲဆိုတာကိုတော့ စောင့်မျှော်ကြည့်ရှုနိုင်ပါတယ်။





# STREET ART

၃.၁၂.၂၀၁၇ (တနင်္ဂနွေ)၊ ည ၇း၀၀ နာရီ

## နေမင်း၊ အုပ်သာကျော်၊ စူးယုနိုင်

ပုံတူပန်းချီကို တစ်ခါမှမဆွဲဘဲ ဂရပ်ဖတီကိုသာ အားသန်ပြီးဆွဲနေတဲ့ သူတစ်ယောက်ဖြစ်ပါတယ်။ တစ်နေ့မှာတော့ စိတ်ထဲက ပေါ်လာတဲ့ ပုံရိပ်ကို အမှတ်မထင် ဆွဲလိုက်ရာက သူချစ်ရတဲ့သူရဲ့ မိဘဆွေမျိုးထဲက တစ်ယောက်နဲ့ တူသွားခဲ့ပါတယ်။ တစ်ခါမှ မမြင်ဖူးတဲ့ ပုံရိပ်တွေက သူ့ရဲ့စိတ်ဂိညာဉ်ထဲ ဘာကြောင့် ဝင်နေသလဲ၊ ပုံတူပန်းချီဆွဲဖြစ်သွားတဲ့ သူချစ်ရတဲ့သူရဲ့ ဆွေမျိုးနဲ့ရော ဘယ်လိုတွေ ပတ်သက်ဖူးသလဲ၊ သူတို့ နှစ်ဦးကြားထဲက လျှို့ဝှက်ချက်တွေက ဘာတွေဖြစ်နေမလဲဆိုတာတွေကိုတော့ စောင့်မျှော်ကြည့်ရှုနိုင်ပါကြောင်းသတင်းကောင်းပါးလိုက်ပါတယ်။

## ဇေရဲထက်၊ နန်းဆုဦး

၆.၁၂.၂၀၁၇ (ဗုဒ္ဓဟူး)
ည ၇း၀၀ နာရီ



# ပိုးမျှင်ကြိုး

## နေမင်း၊ ရွှေမှုံရတီ

၈.၁၂.၂၀၁၇ (သောကြာ)
ည ၇း၀၀ နာရီ



# အချစ်စုန်း




# The King's Case Note

**2.12.2017 Sat 8:00 Pm**

ထူးချွန်ထက်မြက်ပြီး ဓားရေးကျွမ်းကျင်တဲ့ ရှင်ဘုရင်၊ ရှင်ဘုရင်ကိုနန်းချဖို့ မျိုးစုံကြံစည်နေတဲ့ အမတ်တွေနဲ့ ရှင်ဘုရင်အတွက် လူယုံစာရေးအသစ် အဖြစ်ခန့်အပ်ခံရတဲ့ အိုဘိုတို့ကို ကြည့်ရှုရမှာဖြစ်ပါတယ်။ ရှင်ဘုရင်ကို ဂုဏ်သတင်းကျဆင်းစေချင်ကြတဲ့အတွက် သတင်းဆိုးတွေ၊ သဘာဝဘေးဆိုးတွေနဲ့ မကောင်းမှုတွေဖြစ်အောင် အမတ်တွေကလုပ်ကြံဖန်တီးခဲ့ကြပါတယ်။ ဒါပေမယ့် လူယုံစာရေးအိုဘိုရဲ့ ထူးခြားတဲ့မှတ်ဉာဏ်နဲ့အတူ ရှင်ဘုရင်မင်းမြတ်ရဲ့ ထက်မြက်မှုတွေကြောင့် အမတ်တွေရဲ့ အကြံအစည်တွေ ပျက်စီးခဲ့ရပုံတွေကို ဟာသနှောပြီး ပုံဖော်ရိုက်ကူးထားတဲ့ ဇာတ်လမ်းလေးဖြစ်ပါတယ်။

# Time Renegades

**3. 12. 2017 Sun 8:00 Pm**




၁၉၈၃ ခုနှစ်တုန်းက ဂီတကျောင်းဆရာနဲ့ ၂၀၁၅ ခုနှစ်ကာလက စုံထောက်တစ်ယောက်တို့ရဲ့ အိပ်မက်ကတစ်ဆင့် ပေါင်းစည်းမှုအကြောင်းကို ရိုက်ကူးထားတဲ့ စိတ်ကူးနယ်လွန် ဇာတ်လမ်းပဲဖြစ်ပါတယ်။ သူတို့ သဘောကျနေတဲ့ အမျိုးသမီးရဲ့ကံကြမ္မာဆိုးကို သူတို့နှစ်ယောက် ဘယ်လိုပြောင်းလဲပစ်မလဲဆိုတာကို ရိုက်ကူးတင်ဆက်ထားတဲ့ စိတ်ကူးနယ်လွန်ထူးခြားတဲ့ ဇာတ်ကားလေးတစ်ကားဖြစ်တာမို့ စောင့်မျှော်ကြည့်ရှုဖို့ သင့်တော်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။ ။




# Dad for Rent

**4.12. 2017 Mon 8:00 Pm**

မရင့်ကျက်တဲ့ အလုပ်လက်မဲ့ ဖခင် ချာထယ်မန်းကြောင့် သမီးဖြစ်သူ အာယောင်းဟာ စိတ်ညစ်နေရပါတယ်။ တစ်နေ့ ကျောင်းမှာ သူငယ်ချင်းတွေနဲ့ လက်ဆောင်ပစ္စည်းလဲဖို့ အစီအစဉ်ရှိနေပါတယ်။ ဒီအစီအစဉ်ကြောင့် အာယောင်းဟာ အကြံတစ်ခု ရသွားပါတယ်။ ဖခင်ကို ကျောင်းခေါ်လာပြီး ပစ္စည်းအဖြစ် ဖခင်လိုအပ်နေတဲ့ သူတွေအနေနဲ့ သူ့ဖခင်ကို ငှားနိုင်တဲ့အကြောင်းကို ပြောလိုက်ပါတော့တယ်။ အစပိုင်းမှာ မလုပ်ချင်ဘဲ လုပ်ခဲ့ရပေမယ့် နောက်ပိုင်းမှာတော့ အဖေအငှားဝန်ဆောင်မှုအလုပ်နဲ့ အဆင်ပြေလာခဲ့တဲ့ ချာထယ်မန်းဟာသမီးဖြစ်သူအတွက် အချိန်မပေးနိုင်ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက်ပိုင်း သူတို့မိသားစု ဘယ်လိုတွေဆက်ဖြစ်မှာလဲဆိုတာကို စောင့်မျှော်ကြည့်ရှုဖို့တိုက်တွန်းလိုက်ပါတယ်။ ဒီဇာတ်လမ်းလေးကတော့ မိသားစုတွေရဲ့ဘဝနဲ့ သံယောဇဉ်ကို ပုံဖော်ထားတဲ့ ဇာတ်လမ်းကောင်းလေးဖြစ်ပါတယ်။




# Distance

**5.12. 2017 Tue 8:00 Pm**

မင်းသားချန်ကျိုပင် အလုပ်ကိစ္စနဲ့ ခရီးထွက်လာချိန်မှာ မမျှော်လင့်ဘဲဖခင်အရင်းနဲ့ ဆုံတွေ့ခဲ့ရပါတယ်။ ဖခင်ကတော့ သူမဟုတ်တဲ့ တခြားသားတစ်ယောက်အပေါ်မှာ ဖခင်မေတ္တာအပြည့်နဲ့ ချစ်ပြနေပါတယ်။ ဒီမြင်ကွင်းကြောင့် ဖခင်ကိုသနားပြီး သူဟာ သားအရင်းဖြစ်ကြောင်းကို ရှေ့ငုံ့နှုတ်ပိတ်နေခဲ့ပါတယ်။ ဒီအကြောင်းတွေကို မိခင်နဲ့ ရင်ဖွင့်ချင်ပေမယ့် ပြောမထွက်ဘဲဖြစ်နေခဲ့တယ်။ သူ့အိမ်ထောင်နဲ့လည်းပြိုကွဲခဲ့ပြန်ပါတယ်။ အဲဒီနောက်ပိုင်းမှာ အများကလေးစားအားကျရတဲ့ ပါမောက္ခတစ်ယောက်ဖြစ်လာခဲ့ပါတယ်။ ထိုင်းကမိန့်ခွန်းပြောဖို့ ကမ်းလှမ်းလာတဲ့အခါ သူ့ရဲ့ပါမောက္ခဖြစ်ခဲ့တဲ့ငယ်ချစ်ဦးနဲ့ ပြန်တွေ့ချင်တဲ့စိတ်ကြောင့် မိန့်ခွန်းပြောဖို့ကိစ္စကို လက်ခံခဲ့ပါတယ်။ ငယ်ချစ်ဦးနဲ့ ပြန်လည်ပေါင်းဖက်နိုင်မှာလားဆိုတာကိုတော့ မဆုံနိုင်တဲ့ချစ်ခြင်းမေတ္တာအကြောင်းတွေကို ရိုက်ကူးတင်ဆက်ထားတဲ့ ဒီဇာတ်ကားလေးမှာ စောင့်မျှော်ကြည့်ရှုနိုင်မှာပဲဖြစ်ပါတယ်။




# Jab Harry Met Sejal

**6.12. 2017 wed 8:00 Pm**

လူလတ်ပိုင်းအရွယ် ဟယ်ရီက ဧည့်လမ်းညွှန်တစ်ဦးဖြစ်ပြီး အမေရိကမှာနေပါတယ်။ သူ့ရဲ့ခရီးသည်အဖွဲ့ထဲက စီဂျယ်ဟာ စေ့စပ်လက်စွပ်အဖြစ် ချစ်သူပေးထားတဲ့ စိန်လက်စွပ်ပျောက်သွားခဲ့ပါတယ်။ ခရီးစဉ်ပြီးလို့ အမေရိကကနေ အိန္ဒိယကိုပြန်မယ့်မနက်မှာပျောက်သွားခဲ့တာပါ။ ဒါနဲ့ပဲ စီဂျယ်က စေ့စပ်လက်စွပ်ကိုပြန်ရှာဖို့ လေဆိပ်ကပြန်လှည့်လာပြီး ခရီးသွားတုန်းက ရောက်ခဲ့တဲ့နေရာအားလုံးကို ဟယ်ရီ့အကူအညီနဲ့ တစ်ကြောပြန်သွားကြပါတယ်။ လက်စွပ်လိုက်ရှာရင်း သူတို့နှစ်ယောက်အနေနီးပြီး ချစ်မိသွားကြပါတယ်။ ဒါပေမယ့် သူတို့နှစ်ယောက်စလုံးမှာရှိနေကြတဲ့ မာနကိုယ်စီကြောင့် ဝေးကွာခဲ့ကြပြီး စီဂျယ်က ချစ်သူနဲ့လက်ထပ်ဖို့ အိန္ဒိယကိုပြန်သွားခဲ့တဲ့အခါမှာ ဘာတွေဆက်ဖြစ်လာမလဲ။











# Because I Love You

**7.12. 2017 Thu 8:00 Pm**

တေးရေးဆရာလီယောင်းနဲ့ သူ့ချစ် အဆိုတော်မလေးတို့ရဲ့ ပဇာတ်လမ်းဖြစ်ပါတယ်။ လီယောင်းရဲ့ချစ်သူက အဆိုစွမ်းရည်ရှိပေမယ့် စင်ကြောက်တတ်သူတစ်ယောက်ဖြစ်နေပါတယ်။ ဒီအချက်ချက်ကြောင့် မအောင်မြင်ဖြစ်နေတာကိုသိနေတဲ့ လီယောင်းက သူ့ချစ်သူကို အောင်မြင်အောင် ကူညီပေးချင်နေခဲ့ပါတယ်။ တစ်နေ့ ချစ်သူကို ချစ်ခွင့်ပန်ဖို့ ချစ်သူဆီအလာမှာ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပါတယ်။ အဲဒီမှာ လီယောင်းရဲ့ဝိညာဉ်က အချစ်ရေးအဆင်မပြေဖြစ်နေသူတွေရဲ့ခန္ဓာကိုယ်တွေထဲကို ဝင်ရောက်သွားပြီး သူတို့ အချစ်ရေးပြေလည်ချိန်မှာမှ ဝိညာဉ်ပြန်လည်ထွက်ခွင့်ရတဲ့ထူးဆန်းတဲ့အဖြစ်အပျက်ကိုရင်ဆိုင်ခဲ့ရပါတယ်။ လီယောင်းတစ်ယောက် သူ့ကိုယ်သူပြန်ဖော်ထုတ်ရမှာဖြစ်သလို ချစ်သူမိန်းကလေးကိုလည်း စင်မကြောက်တတ်အောင် ဝိညာဉ်ဘဝနဲ့ ဘယ်လိုကူညီပေးမလဲဆိုတာကိုတင်ဆက်ထားတဲ့ ဇာတ်ကားလေးဖြစ်ပါတယ်။

# Ladda Land




**8.12. 2017 Fri 8:00 Pm**

"ထီ" ဟာ မိသားစုအတူတူနေနိုင်ရေးအတွက် အိမ်လေးတစ်လုံးရဖို့ အားသွန်ခွန်စိုက် ကြိုးစားခဲ့ရာမှ အရစ်ကျစနစ်နဲ့ ရောင်းချပေးတဲ့ အိမ်ရာတစ်ခုမှာ ကံကောင်းစွာနဲ့ပဲ အိမ်လေးတစ်လုံးကို ပိုင်ဆိုင်ခဲ့ပါတယ်။ သို့ပေမယ့် သူတို့ပြောင်းလာတဲ့အိမ်မှာ လူသတ်မှုဖြစ်ပွားခဲ့ပါတယ်။ တရားခံကို မသိရသလို သရဲခြောက်တယ်ဆိုတဲ့သတင်းတွေထွက်လာခဲ့လို့ ထီတို့မိသားစုလည်း ထိတ်လန့်ခဲ့ရပါတယ်။ သမီးဖြစ်သူ "နန်"ကလည်း အိမ်မကပ်ဘဲ သူငယ်ချင်းတွေနဲ့ စာသွားကျက်ရာက သရဲခြောက်တယ်ဆိုတဲ့အိမ်ထဲကိုဝင်ခဲ့မိပြီး ကြောက်စရာအဖြစ်နဲ့ကြုံခဲ့







ပါတယ်။ နန်က သူ့မိသားစုကို ဖြစ်ပျက်ခဲ့သမျှအကြောင်းတွေ ပြန်ပြောပြခဲ့ပေမယ့် ဖခင်ကလည်း မယုံကြည်ခဲ့ပါဘူး။ ပရလောကရဲ့ကြောက်စရာကောင်းပုံတွေကို ရိုက်ကူးထားပြီး ဖခင်တစ်ဦးရဲ့ မိသားစုအပေါ်ထားတဲ့မေတ္တာတရားကို ဖော်ကျူးထားတဲ့ ဇာတ်လမ်းလေးပဲဖြစ်ပါတယ်။

## Pirates Of The Caribbean: Dead Men Tell No Tales

25.11.2017 ( Sat ) 09:00PM




ဟင်နရီတန်နာရဲ့ ဖခင်ဟာ ဒတ်ချ်မန်းသင်္ဘောပေါ်မှာ ကျိန်စာမိနေပါတယ်။ ဖခင်ပေါ်ကျနေတဲ့ ကျိန်စာကို သူက ချိုးဖျက်ပေးချင်နေပါတယ်။ ဟင်နရီလေးဟာ အရွယ်ရောက်လာတဲ့အခါမှာ ပင်လယ်ထဲ အဖေပျောက်ရှာပုံတော် ထွက်ခဲ့ပါတယ်။ ဟင်နရီတို့ရဲ့ သင်္ဘောက နတ်ဆိုးတြိဂံထဲ ဝင်ရောက်သွားပါတော့တယ်။ ဒီအချိန်မှာ တစ္ဆေဖြစ်သူကပ္ပတိန်ဆာလာဇာရဲ့ ဒဏ္ဍာရီကို ပြောပြဖို့အတွက် အသက်ရှင်ခွင့်ရခဲ့ရပါတယ်။







ကပ္ပတိန်ဆာလာဇာက ဂျက်ခ်စပဲရိုးကို ရှာမယ့်အကြောင်းကိုလည်း သူတို့ အမှာပါးခဲ့ပါတယ်။ ဒီလိုနဲ့ ဂျက်ခ်စပဲရိုးကလည်း သူ့အသက်ကို ကာကွယ်ဖို့ စုန်းမလို့ စွပ်စွဲခံထားရတဲ့ ကာရီနာစမစ်သ်ဟင်နရီက သင်္ဘောသားတွေနဲ့အတူ ပိုဆိုက်ဒွန်ရဲ့ သုံးခွမိန်းကို ရှာပုံတော်ထွက်လာခဲ့ကြပါတယ်။ ကာရီနာကလည်း ဖခင်ပျောက်ရှာနေ သူသာဖြစ်ပါတယ်။ ဒီလိုနဲ့ သူတို့အုပ်စုဟာ သုံးခွမိန်းရှာဖို့ထွက်ရင်း ဒုက္ခပေါင်းများစွာနဲ့ ကြုံခဲ့ရပါတယ်။ ကပ္ပတိန်ဘာဘိုဆာကလည်း သုံးခွမိန်းကိုရှာဖွေနေပြန်ပါတယ်။ သူတို့တွေ ကပ္ပတိန်ဆာလာဇာလက်က လွတ်အောင်ကြိုးစားရင်း လွတ်မြောက်နိုင်မလား၊ သုံးခွမိန်းကိုရှာတွေ့ပါ့မလား ဘယ်သူကရှာတွေ့သွားမှာလဲ။

## A n g i e

5.12.2017 (Tue) 09:00Pm




တခြားသူတွေထက် ကျော်ကြားလိုစိတ်များတဲ့ အန်ဂျီဟာ ဗင်နီနဲ့ ချစ်သူတွေဖြစ်ခဲ့ပါတယ်။ ဗင်နီက သူ့ကို စွဲစွဲလမ်းလမ်းချစ်ခင်စုံမက်နေပါတယ်။ အန်ဂျီမှာလည်း ငယ်စဉ်ကတည်းက မခွဲတမ်းတွဲလာတဲ့ သူငယ်ချင်းတီနာဆိုတဲ့ သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ အန်ဂျီရဲ့ ဖခင်က ကက်သီဆိုတဲ့အမျိုးသမီးနဲ့ လက်ထပ်ထားပါတယ်။ ဒီအတွက် အန်ဂျီမှ ကက်သီကို အမြင်မကြည်ဖြစ်နေပြီး မိမိတို့ကိုထားပြီး ထွက်သွားတဲ့ မိခင်ကိုသာ တသသဖြစ်နေပါတော့တယ်။ အန်ဂျီက ဗင်နီနဲ့ ကိုယ်ဝန်ရလာခဲ့ပါတယ်။ ဒီအတောအတွင်းအန်ဂျီက နိုလ်နဲ့ဆုံတွေ့ပြီး ဗင်နီကိုအဆက်ဖြတ်ခဲ့ပါတယ်။ မွေးဖွားပြီးတဲ့အချိန်မှာ နိုလ်ကသူ့ကိုထားခဲ့ပါတော့တယ်။ နောက်ဆုံး အန်ဂျီက မိခင်ကို ရှာပုံတော် ထွက်ခဲ့ပါတော့တယ်။ မိခင်ဖြစ်သူကို ရှာတွေ့ပေမယ့် စိတ်ကစဉ့်ကလျားဝေဒနာခံစားနေရတဲ့အကြောင်း သိသွားပြီး အားလုံးကိုနားလည်သွားရင်း ကလေးအပေါ် အချစ်တွေပိုခဲ့ပုံကို တင်ဆက်ထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။






# Alleged

6.12.2017 (Wed) 09:00Pm





Alleged ဟာ အချစ်ဒရာမာဇာတ်ကား တစ်ကားဖြစ်ပါတယ်။ သတင်းထောက်အလုပ်ကို ဝါသနာပါတဲ့ ချားစ်နဲ့ ရို့စ်တို့ဟာ အောင်မြင်တဲ့ သတင်းသမားဖြစ်ဖို့ ကြိုးစားနေကြတယ်။ တစ်နေ့မှာတော့ သူတို့ကို ကံကြမ္မာအပြောင်းအလဲ တစ်ခုဖြစ်လာတယ်။ အဲဒါကတော့ သူတို့ကို ဆင့်ကဲပြောင်းလဲခြင်းတွေနဲ့ နိုင်ငံရေးအကြောင်းတွေကို သင်ပေးတဲ့ ဆရာဟာ တဲနက်စ်စီမြို့မှာ







အဖမ်းခံခဲ့ရတယ်။ ဒီအမှုကို လိုက်ဖို့အတွက် နာမည်ကျော်ရှေ့နေနစ်ဦး ဒေးဟန်သို့ ရောက်ရှိလာခဲ့ပါတယ်။ အမှုက ဟိုးလေးတကျော် ဖြစ်သွားခဲ့ပြီး အမေရိကန်က နာမည်ကြီး သတင်းစာတိုက်ဖြစ်တဲ့ အာတီးမိုးဆန်းကို မန်ကန် ရောက်လာခဲ့ပါတယ်။ ဒီအချက်ကို အမိအရဆုပ်ကိုင်ဖို့ ချားလ်စ်က ကြိုးစားပါတော့တယ်။ ချားတစ်ယောက် သူ့ရည်မှန်းချက်တွေ အောင်မြင်လာမလားဆိုတာကို စောင့်မျှော်အားပေးကြစေလိုပါတယ်။

# AStreet Cat Named Bob 7.12.2017 ( Thu ) 09:00Pm




ဖြစ်ရပ်မှန်အခြေခံထားပြီး အရောင်းကောင်းဆုံးစာအုပ်ကို ပြန်လည်ရိုက်ကူးထားတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ လမ်းဘေးကြောင်လေးက ဆေးစွဲနေတဲ့ လူငယ်လေးကို ဘဝအသက်ဆက်နိုင်ဖို့ အားအင်တွေပေးခဲ့ပုံတွေကို ရသမြောက်ရိုက်ကူးထားတဲ့ ဇာတ်ကားကောင်းဖြစ်တာကြောင့် ကြောင်ချစ်သူတို့ လက်မလွတ်တမ်းကြည့်ရှုသင့်တဲ့ ဇာတ်ကားကောင်းလေးတစ်ကားဖြစ်ပါတယ်။



# International Channelများမှ တနင်္လာနေ့တွင်ပြသမည့် ဇာတ်ကားများ

## You Have Been Warned Asia

7:30 PM




## Megaquake: Hour That Shook Japan

8:15 PM



## Mountain Monsters (S2)

9:20 PM



## Jamie & Jimmy'S Food Fight Club

6:35 PM



## Your Worst Nightmare (Season 2)

9:10 PM



## Exodus Earth

8:20 PM



# INTERNATIONAL Channel highlights

## International Channel များမှ တနင်္ဂနွေနေ့တွင်ပြသမည့် ဇာတ်ကားများ

**Sydney Harbour**



**9:20 PM**

**Asia From Above**



**8:15 PM**

**Rugged Justice S2**




**8:50 PM**

**Playhouse Masters**



**9:10 PM**

**Long Island Medium (S6)**



**8:20 PM**

**Super Systems (S2)**



**9:10 PM**

# International Channelများမှ စနေနေ့တွင်ပြသမည့်ဇာတ်ကားများ

**Discovery Channel**

## Deadliest Catch



**8:25 PM**

**Discovery Asia**

## Breaking Loose: A Journey Of Discovery



**9:20 PM**

**Animal Planet**

## My Extreme Animal Phobia



**7:50 PM**

**TLC**

## Tricks Of The Restaurant Trade




**8:10 PM**

**eve**

## Born Without Limbs



**8:20 PM**

**Discovery Sci**

## Battle Factory



**9:10 PM**

# THE MAGICIANS

S01E01

**Series Time - Mon to Fri – 7:00 Pm, Replay – Tue to Sat 7:30 Am**
**Wed & Thu – 7:00 Pm, Replay – Thu & Fri 7:30 Am**



ဆယ်ကျော်သက်လူငယ်တွေကြားရေပန်းစားလျက်ရှိတဲ့ နိုင်ငံတကာက အကောင်းဆုံးစီးရီးတွေကို တင်ဆက်ပေးနေခဲ့တဲ့ Series Time အစီအစဉ်မှာ ဒီတစ်ပတ်ကစတင်ပြီး The Magicians American fantasy တီဗွီစီးရီးကို ပြသတော့မှာဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။ မှော်ကမ္ဘာကြီးထဲက လူငယ်တွေရဲ့ပင်ကိုယ်အရည် အသွေးတွေနဲ့ စိတ်လှုပ်ရှားဖွယ်ရာစွမ်းအားတွေကိုကြည့်ရှုဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

# V-ZINE

**2.12.2017 (Sat) – 9:00 Pm**
**Daily – 9:00 Pm**






လူငယ်ပရိသတ်တွေအတွက် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်ရှုရသလို အကြောင်းအရာ ကဏ္ဍစုံလင်အောင် တင်ဆက်ပေးနေတဲ့ Video Magazine (VZine) အစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်ကနေ အသစ်ထွက်ရှိတော့မယ့် နိုင်ငံတကာရုပ်ရှင်ကားမိတ်ဆက်တွေ၊ ဂီတ၊ ဖက်ရှင်၊ နိုင်ငံတကာ Up Date အနုပညာသတင်းတွေ၊ ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာတွေ၊ ဗေဒင်ကဏ္ဍ၊ ပြည်တွင်းမှာကျင်းပပြုလုပ်ခဲ့တဲ့ ပွဲတွေအကြောင်းကို တင်ဆက်ပေးနေပါတယ်။ ဒါ့အပြင် အပတ်စဉ် စနေနေ့တိုင်းလူငယ်တွေကြား ရေပန်းစားနေတဲ့ ပြည်တွင်းက အောင်မြင်ကျော်ကြားသူတွေကို တွေ့ဆုံမေးမြန်းပေးနေပါတယ်။ ဒီတစ်ပတ် စနေနေ့မှာတော့ Miss Tourism World Asia 2014 Myanmar ဆုရရှိထားတဲ့ ညီမငယ်ဂျူးစံသာနဲ့တွေ့ဆုံမေးမြန်းပေးထားတာမို့ Teen Channel ရဲ့ Video Magazine အစီအစဉ်မှာ စောင့်မျှော်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။




# ကယားပြည်နယ်နှင့် အထင်ကရနေရာများ

**၅.၁၂.၂၀၁၇ ( အင်္ဂါ ) နံနက် ၈း၀၀ ၊ ညနေ ၄း၀၀ နာရီ**
**၇.၁၂.၂၀၁၇ ( ကြာသပတေး ) နံနက် ၉း၀၀ နာရီ၊ ညနေ ၅း၀၀ နာရီ**



တိုင်းရင်းသားတွေနေထိုင်ရာဒေသရှိ သဘာဝအလှတရားများနှင့် အထင်ကရ နေရာများအကြောင်း၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုပွဲတော်များ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ရိုးရာလက်မှုလုပ်ငန်းများ အကြောင်း၊ တိုင်းရင်းသားတို့၏ နေထိုင်မှုဘဝ ပုံရိပ်များအကြောင်းကို မိဘပြည်သူများ ကြည့်ရှုခံစားနိုင်စေရန် စုံလင်စွာ တင်ဆက်ပေးနေသော အစီအစဉ်တစ်ခု ဖြစ်ပါသည်။

ယခုတစ်ပတ်အတွက် တို့မြေအလှ သဘာဝအစီအစဉ်တွင် ကယားပြည်နယ်ရှိ အထင်ကရနေရာများကို ရိုက်ကူးတင်ဆက်ပေးထားသည်ဖြစ်ရာ တိုင်းရင်းသား Channel တွင် စောင့်မျှော်ကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



# အသိပညာဝေမျှ ကိုယ်စွမ်းကိုယ်စ ထူထောင်ကြ



၃၊ ၁၂၊ ၂၀၁၇ ( တနင်္ဂနွေ ) ည ၇း၀၀ နာရီ
၆၊ ၁၂၊ ၂၀၁၇ ( ဗုဒ္ဓဟူး ) နံနက် ၈း၃၀ ၊ ညနေ ၄း၀၀၊ ည ၈ း၀၀ နာရီ

သတင်းအချက်အလက် နည်းပညာတွေဟာ အရှိန်အဟုန်ပြင်းပြင်းနဲ့ အချိန်နဲ့အမျှ လွင့်စင်ပေါက်ကွဲနေပါတယ်။ အဲဒီလိုကာလမှာ မြန်မာနဲ့ နိုင်ငံတကာမှာ ဖြစ်ပျက်နေကြတဲ့ အဖြစ်အပျက်မျိုးစုံကို အနာဂတ်ရဲ့ ရတနာလူငယ်များနဲ့ ကျောင်းသား၊ ကျောင်းသူများအသိပညာရရှိပြီး ကိုယ်စွမ်းကိုယ်စ ထူထောင်နိုင်ကြစေဖို့ အတွက် Knowledge Sharing and Capacity Building အသိပညာဝေမျှ ကိုယ်စွမ်းကိုယ်စထူထောင်ကြ အစီအစဉ်ကိုစီစဉ်တင်ဆက်နေပါတယ်။ ဒီအစီအစဉ်ကို SKYNET Education Channel က ထုတ်လွှင့်မှာဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။










# "Let's Learn English"

၇၊ ၁၂၊ ၂၀၁၇ ကြာသပတေး ည ၈း၀၀ နာရီ
စနေ၊ တနင်္လာ နံနက် ၈း၃၀၊ ညနေ ၄ း၀၀ ၊ ည ၇း၀၀ နာရီ

နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံနေရတဲ့ ဒီနေ့လို ပညာခေတ်ကြီးမှာ ဘယ်သူမဆို ခေတ်သစ်ထဲ ခေါင်းဝင်ကိုယ်ဆံ့ဖို့ အင်္ဂလိပ်စာကောင်းကောင်းတတ်ဖို့ လိုနေပါပြီ။ အင်္ဂလိပ်စာကို အလွယ်တကူ လေ့လာသင်ယူလိုသူတွေအတွက် ဂါရင့်ကျွမ်းကျင်သူ ဆရာကြီး နေအုပ် (စိန်ပေါလ်)ရဲ့ ပို့ချချက်တွေကို "Let's Learn English" အစီအစဉ်ကနေ တင်ဆက်ပေးနေလို့ SKYNET Education Channel မှာ ကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါတယ်။











## New Animated Movies Program

### Treasure Planet

3.12.2017 (Sun) 10:00 Am, 6:00 Pm

## Cartoon Movies Poster




### Doctor Strange

2.12.2017 ( Sat )> 10:15 Am, 6:15 Pm

### Justin And the Knights Of Valour

4.12.2017 ( Mon ) 10:05 Am, 6:05 Pm





### An American Tail

6.12.2017 ( Wed ) 10:10 Am, 6:10 Pm

### Jack and the cuckoo clock heart

7.12.2017 ( Thu ) 10:05 Am, 6:05 Pm






### Naruto

8.12.2017 ( Fri )> 10:10 Am, 6:10 Pm





# SKYNET MOVIES HD POSTERS


















# Organic ကောက်ရိုးမှို စိုက်ပျိုးပုံ အဆင့်ဆင့်

**တနင်္လာ၊ ဗုဒ္ဓဟူး - နေ့လယ် ၁၁း၀၀၊ ညနေ ၆း၁၅၊ ည ၁၀း၀၀ နာရီ**



အများပြည်သူ စားသုံးမှုများပြီး ကြိုက်နှစ်သက်ကြတဲ့ ကောက်ရိုးမှို စိုက်ပျိုးပုံအကြောင်းရိုက်ကူးထားပါတယ်။ ဒီအစီအစဉ်ကနေ ကောက်ရိုးမှိုစိုက်ပျိုးရာမှာ လိုအပ်တဲ့အခြေခံပစ္စည်းတွေကိုလည်း သိရှိနိုင်မှာဖြစ်ပြီး ကောက်ရိုးမှိုစိုက်ပျိုးဖို့ ဘယ်လိုပြင်ဆင်ရမလဲဆိုတဲ့ အချက်တွေကိုပါ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ကောက်ရိုးမှိုစိုက်ပျိုးဖို့ ကောက်ရိုးရှားပါးတဲ့အချိန်တွေမှာ ပေဒါပင်ကို အစားထိုးနိုင်တယ်လို့ သိရပါတယ်။ စိုက်ပျိုးမှုပြုလုပ်ပုံတွေကို အဆင့်တစ်ခုချင်းစီ ရိုက်ကူးတင်ဆက်ပေးထားတာဖြစ်လို့ Organic ကောက်ရိုးမှို စိုက်ပျိုးလိုသူတွေ စပ်းသပ်စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ Organic ကောက်ရိုးမှို စိုက်ပျိုးပုံ အဆင့်ဆင့်ကို SKYNET စိုက်ပျိုး၊ မွေးမြူရေးနှင့်သစ်တောChannel(ALFC)မှာ တင်ဆက်ပြသပေးသွားမှာဖြစ်ပါတယ်။











## နည်းပညာလိုအပ်ချက်ရဲ့သားကောင်ဖြစ်ခဲ့ရတဲ့

# ဘာစီလိုနာ

မင်းနဒီ

ခေတ်တစ်ခုရဲ့ရေစီးကြောင်းက ကာလအလိုက်ရွေ့လျားလေ့ရှိပါတယ်။ ပြောင်းလဲတတ်တဲ့ရေစီးကြောင်းတစ်ခုကို လက်ခံနိုင်စွမ်းမရှိဘူးဆိုရင်တော့ ကာလတစ်ခုရဲ့ဒဏ်ခတ်ခြင်းမှာ ခေတ်ရဲ့သားကောင်ဖြစ်သွားရနိုင်ပါတယ်။ အထူးသဖြင့် ဒီနေ့လိုနည်းပညာခေတ်ကြီးမှာ အလိုမတူတာတွေများနေမယ်ဆိုရင် အများနဲ့မသက်ဆိုင်သူဖြစ်သွားရနိုင်ပါတယ်။ စပိန်ဘောလုံးလောကအနေနဲ့လည်း နည်းပညာခေတ်တစ်ခု နောက်ကို လိုက်ဖို့လိုအပ်နေခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဗလန်စီယာ-ဘာစီလိုနာ ပွဲစဉ်က လာလီဂါမှာ နည်းပညာလိုအပ် ချက်ရှိနေပြီဆိုတဲ့ ပြဿနာကို လှစ်ဟ ပြလိုက်ပါတယ်။

ဗလန်စီယာ-ဘာစီလိုနာပွဲစဉ်က လာလီဂါ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံတဲ့ပွဲဖြစ်တာကြောင့်ချန်ပီယံဆုအတွက်အရေးပါတဲ့ပွဲစဉ်ပါ။ ပထမပိုင်းမှာ ဘာစီလိုနာက ပွဲကိုထိန်းချုပ်ထားပြီး ပွဲချိန် မိနစ် ၃၀ လောက်မှာ မက်ဆီက အသင်းအတွက် ဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းအတွက်ဂိုးအဖြစ်သတ်မှတ်မခံခဲ့ရပါဘူး။ မက်ဆီရဲ့ကန်ချက်က ဂိုးစည်းကို သုံးမီတာလောက် ကျော်သွားခဲ့ပေမယ့် ဗလန်စီယာဂိုးသမားနက်တိုက ဂိုးစည်းထဲကဘောလုံးကို အလျှင်အမြန်ပုတ်ထုတ်လိုက်တာကြောင့် ကွင်းလယ်ဒိုင် ဗီလာနူဗာနဲ့ အကူဒိုင်တွေ မျက်စိမှားပြီး ဂိုးအဖြစ် သတ်မှတ်မပေးခဲ့တာပဲဖြစ်ပါတယ်။ ဘောလုံးက ဂိုးစည်းကို သိသိသာသာကျော်သွားခဲ့တာ ရုပ်သံအနေးပြကွက်မှာ သိသာထင်ရှားခဲ့သလို၊ ဂိုးနဲ့ခပ်လှမ်းလှမ်းအနေအထားက နေကြည့်မယ်ဆိုရင်တောင် ဂိုးဝင်သွားတယ်ဆိုတာကိုမြင်တွေ့ရစေမှာပါ။ ဒါပေမယ့် ကွင်းလယ်ဒိုင်ဗီလာနူဗာက အသိအမှတ် မပြုခဲ့ပါဘူး။ ဒီဂိုးအတွက် ဘာစီလိုနာဘက်က သိပ်ကိုနစ်နာခဲ့ရပါတယ်။ တကယ်လို့သာ မက်ဆီရဲ့သွင်းဂိုးကို အသိအမှတ်ပြုခဲ့မယ်ဆိုရင် ပွဲရဲ့အဖြေက တစ်မျိုးတစ်မည်ဖြစ်သွားစေနိုင်တာအမှန်ပါပဲ။ ပွဲအပြီးမှာတော့ ၁-၁ သရေရလဒ်နဲ့ ဘာစီလိုနာဟာ မက်စ်တဲလားမှာ အဖိုးတန်ရမှတ်နှစ်မှတ် ဆုံးရှုံးခဲ့ရပြီး ဗလန်စီယာကို ခြောက်မှတ်ဖြတ်ဦးဆောင်နိုင်မယ့်အခွင့်အရေး ဆုံးရှုံးသွားခဲ့ရပါတယ်။ ဒီလောက်နဲ့မပြီးသေးပါဘူး အက်သလက်တီကို၊ ရီးယဲလ်မက်ဒရစ်တို့နဲ့ ၁၀ မှတ်အကွာကနေ ရှစ်မှတ်အကွာကို ရောက်ရှိသွားစေပြီး မက်ဒရစ်အခြေစိုက်နှစ်သင်း

ကို ချန်ပီယံဆုအတွက် အခွင့်အရေးပေးလိုက်သလို ဖြစ်သွားစေခဲ့ပါတယ်။ ဘောလုံးပွဲတစ်ပွဲမှာ အငြင်းပွားဖွယ်ဖြစ်ရပ်လေးတွေက နှစ်သက်ဖွယ်ရာကောင်းပြီး ပွဲတစ်ပွဲရဲ့အသည်းခိုက်စရာအခိုက် အတန့်လေးကောင်းလေးတွေဖြစ်တတ်ပေမယ့် ဒီဖြစ်ရပ်မျိုးကတော့ မဖြစ်သင့်ရုံသာမကဘဲ ရုပ်ပျက်လွန်းရာလည်းရောက်ခဲ့ပါတယ်။ အကူဒိုင်လူကြီးရဲ့ ပွဲအပေါ် အာရုံစူးစိုက်မှု အားနည်းလွန်းတာက သိသာပေါ်လွင်ခဲ့ပါတယ်။ သူ့အနေနဲ့ ဂိုးဝင်၊ မဝင်ဆိုတာကို ကောင်းကောင်းမြင်တွေ့ရနိုင်တဲ့ အနေအထားမှာရှိနေခဲ့တာကြောင့် မီဒီယာတွေ၊ ပရိသတ်တွေကလည်း ဒီဖြစ်ရပ်ကို လုံးဝလက်မခံနိုင်အောင်ဖြစ်ခဲ့ကြပြီး နည်းပညာလိုအပ်ချက်ကို အမြန်ဆုံးတင်သွင်းဖို့ ဝိုင်းဝန်းထောက်ပြသွားခဲ့ကြပါတယ်။ မက်ဆီအပါအဝင် ဘာစီလိုနာနည်းပြနဲ့ ကစားသမားတွေအားလုံးကလည်း ဆုံးရှုံးလိုက်ရတဲ့ ဒီသွင်းဂိုးအပေါ်မှာ နှမြောတသခြင်းကြီးစွာဖြစ်နေပြီး အတော်လေးကို ကြေကွဲသွားခဲ့ကြပါတယ်။ လာလီဂါဟာ ဥရောပထိပ်တန်းလိဂ်ကြီးငါးခုမှာ ပါဝင်ပေမယ့် ပရီးမီးယားလိဂ်၊ စီးရီးအေ၊ ဘွန်ဒက်လီဂါနဲ့ လီဂူးဝမ်းတို့လို ဂိုးလိုင်းနည်းပညာမရှိပါဘူး။ စီးရီးအေ၊ ဘွန်ဒက်စ်လီဂါတို့လို ဗီဒီယိုနည်းပညာအကူဒိုင်လူကြီးစနစ်ကို အသုံးမပြုတဲ့ တစ်ခုတည်းသောနည်းပညာကင်းစင်နေတဲ့ လိဂ်တစ်ခုဖြစ်ပါတယ်။ ခေတ်တစ်ခုနဲ့တစ်ခုမှာ ပြောင်းလဲတိုးတက်မှုတွေရှိလာတဲ့အလျောက် ဘောလုံးလောကကတည်း ဆင့်ကဲတိုးတက်မှုတွေရှိနေခဲ့ပါတယ်။ မော်ဒန်ဘောလုံးလောကဟာ အမြန်နှုန်းပိုမိုမြင့်မားလာတာကြောင့် ဒိုင်လူကြီးတွေအတွက် ဖြစ်ရပ်တစ်ခုအပေါ်မှာ ရာနှုန်းပြည့်မှန်ကန်အောင် ဆုံးဖြတ်ဖို့ဆိုတာကလည်း ခက်ခဲလာခဲ့ပါတယ်။ ဒီပြဿနာကိုဖြေရှင်းဖို့အတွက် ဂိုးလိုင်းနည်းပညာတွေ၊ ဗီဒီယိုနည်းပညာအကူအညီတွေ ရယူဖြေရှင်းခဲ့ရာမှာအောင်မြင်မှုရဲ့ အသီးအပွင့်တွေကိုရရှိခဲ့ပါတယ်။ စနစ်သစ်တစ်ခုရဲ့အစမှာ အငြင်းပွားမှု၊ အလိုမတူမှု၊ သဘောထားကွဲလွဲမှုတွေရှိတတ်မြဲဆိုပေမယ့် ဒီနည်းပညာတွေက ဂိုးဝင်၊ မဝင် ဆိုတာကိုဆုံးဖြတ်ပေးနိုင်စွမ်းရှိပြီး၊ ဂိုးပေးသင့်၊ မပေးသင့်အနေအထားတွေကို ရာနှုန်းပြည့်မှန်ကန်အောင် အထောက်အကူပေးနိုင်ခဲ့ပါတယ်။ ပင်နယ်တီပေးသင့်၊ မပေးသင့်ဆိုတာတွေအပြင် အဝါကတ်လား၊ အနီကတ်လားဆိုတဲ့ ပြဿနာတွေကိုလည်း အမှန်ကန်ဆုံး ဆုံးဖြတ်ပေးနိုင်အောင် ကူညီပေးနိုင်တဲ့အတွက် ပွဲတစ်ပွဲရဲ့အငြင်းပွားမှုတွေ၊ မဖြစ်သင့်တဲ့အမှားတွေကို လျှော့ချပေးနိုင်ခဲ့ပါတယ်။ ဂိုးလိုင်းနည်းပညာနဲ့ ဗီဒီယိုနည်းပညာ အကူဒိုင်စနစ်တွေက ဒိုင်လူကြီးတစ်ယောက်ရဲ့သံသယတွေ၊ မရှင်းမလင်းမှုတွေ၊ စမ်းတဝါးဝါးဖြစ်မှုတွေကို ချေဖျက်ပေးနိုင်စွမ်းရှိပြီး မော်ဒန်ဘောလုံးလောကအတွက် လိုအပ်တဲ့နည်းပညာတွေဆိုတာကို အားလုံးကလည်း လက်ခံပေးနေကြပါတယ်။ ဒါပေမယ့် စပိန်ဘောလုံးတာဝန်ရှိသူတွေက ဒီနည်းပညာတွေကိုအသုံးမပြုဘဲ ခေါင်းမာနေတာက ခေတ်တစ်ခုကိုဆန့်ကျင်ရာရောက်နေခဲ့ပါတယ်။ ဒီလိုခေါင်းမာခဲ့မှုမှာ ဘာစီလိုနာက သားကောင်အဖြစ် ဒဏ်ခတ်ခြင်းကို ခံလိုက်ရတာပါပဲ။ စပိန်ဘောလုံးအဖွဲ့ချုပ်အနေနဲ့ ဒီရာသီအစမှာ ဘွန်ဒက်လီဂါ၊ စီးရီးအေတို့လို နည်းပညာအကူအညီတွေကို တန်းတူညီတူရယူခဲ့မယ်ဆိုရင် လာလီဂါဟာ အမှားအယွင်းကင်းစင်မှုတွေနဲ့ မျှတတဲ့ရလဒ်တွေကို ဖန်တီးပေးနိုင်စေခဲ့မှာပါ။ တကယ်လို့ ရာသီကုန်မှာ ဘာစီလိုနာအသင်းက အမှတ်ကွာဟမှုနည်းပါးစွာနဲ့ ချန်ပီယံဘွဲ့နဲ့ကပ်လွဲခဲ့မယ်ဆိုရင် မက်စ်တဲလားမှာဆုံးရှုံးခဲ့ရတဲ့ ရမှတ်နှစ်မှတ်က သူတို့အတွက် ကြီးမားတဲ့နစ်နာဆုံးရှုံးမှုတွေကို ဖြစ်စေမှာပါ။ လာမယ့်ရာသီမှာ လာလီဂါမှာ ဗီဒီယိုနည်းပညာအကူဒိုင်လူကြီးစနစ်ကို စတင်အသုံးပြုသွားမယ်လို့ ကြေညာထားပေမယ့် ဆုံးဖြတ်ချက်တစ်ခုနောက်ကျခဲ့ခြင်းမှာ ဘာစီလိုနာဟာကြားထဲက ဒဏ်ခတ်ခံလိုက်ရသလို ဘာစီလိုနာကို အားပေးတဲ့ ပရိသတ်တွေလည်း အဆစ်ပါခဲ့ရပါတယ်။ လာလီဂါမှာ ဒီလိုအဖြစ်မျိုး နောက်ထပ် ဘယ်အသင်းတွေထပ်ကြုံရဦးမလဲဆိုတာကိုတော့ မမှန်းဆနိုင်သေးပါဘူး။

GRAND ROYAL CLUB SODA

# Premier League

## 2017/18 FIXTURES

SKY NET

ပရီးမီးယားလိဂ်ပွဲစဉ် (၁၅) » ဒီဇင်ဘာ ၂- ၃ အတွင်း ပြသမည့်ပွဲစဉ်များ

| | | | |
|---|---|---|---|
| 2/12/2017 (SAT) | ( 7:00PM ) | Chelsea Vs Newcastle United | SPORTS-6 |
| 2/12/2017 (SAT) | (9:30PM) | Brighton Vs Liverpool | SPORTS-6 |
| 2/12/2017 (SAT) | (9:30PM) | Everton Vs Huddersfield | SPORTS-1 |
| 2/12/2017 (SAT) | (9:30PM) | Leicester City Vs Burnley | SPORTS-3 |
| 2/12/2017 (SAT) | (9:30PM) | Stoke City Vs Swansea City | SPORTS-4 |
| 2/12/2017 (SAT) | (9:30PM) | Watford Vs Tottenham | SPORTS-5 |
| 2/12/2017 (SAT) | (9:30PM) | West Brom Vs Crystal Palace | SPORTS + |
| 3/12/2017 (SUN) | (12:00 AM) | Arsenal Vs Manchester United | SPORTS-6 |
| 3/12/2017 (SUN) | (8:00PM) | AFC Bournemouth Vs Southampton | SPORTS-6 |
| 3/12/2017 (SUN) | (10:30 PM) | Manchester City Vs West Ham United | SPORTS-6 |

မှတ်ချက်-ယခုဇယားတွင်ဖော်ပြထားသောပွဲစဉ်များနှင့်Channel Line များသည်အခြေအနေအရမလွဲမရှောင်သာအပြောင်းအလဲရှိတတ်ပါသည်။

# UEFA
# EUROPA LEAGUE
# 2017-18
## FIXTURES

## MATCH DAY -6

### 8.12.2017 (FRI) ပြသမည့်ပွဲစဉ်များ

| Time | Match | Channel |
|---|---|---|
| 0:30 | Apollon (CYP) Vs Everton (ENG) | SPORTS-1 |
| 0:30 | Rijeka (CRO) Vs AC Milan (ITA) | SPORTS-2 |
| 0:30 | Hoffenheim (GER) Vs Ludogorets (BUL) | SPORTS-3 |
| 0:30 | Dynamo Kyiv (UKR) Vs Partizan (SRB) | SPORTS-4 |
| 0:30 | Villarreal (ESP) Vs Maccabi Tel Aviv (ISR) | SPORTS-5 |
| 0:30 | Austria Wien (AUT) Vs AEK Athens (GRE) | Euro Sports News *** |
| 2:35 | Arsenal (ENG) Vs BATE (BLR) | SPORTS-1 |
| 2:35 | Zulte-Waregem (BEL) Vs Lazio (ITA) | SPORTS-2 |
| 2:35 | Hertha Berlin (GER) Vs Östersunds (SWE) | SPORTS-3 |
| 2:35 | Marseille (FRA) Vs Salzburg (AUT) | SPORTS-4 |
| 2:35 | Vitesse (NED) Vs OGC Nice (FRA) | SPORTS-5 |
| 2:35 | Hapoel Be'er Sheva (ISR) Vs Viktoria Plzeň (CZE) | Euro Sports News *** |

မှတ်ချက်-ယခုဇယားတွင်ဖော်ပြထားသောပွဲစဉ်များနှင့်Channel Line များသည်
အခြေအနေအရမလွှဲမရှောင်သာအပြောင်းအလဲရှိတတ်ပါသည်။

https://www.facebook.com/skynetdthofficial/ http://www.skynetdth.com/

SKY NET

UEFA CHAMPIONS LEAGUE



# 2017/18

## MATCH DAY -6

| | | | |
|---|---|---|---|
| 6/12/2017 (WED) | 2:15 | Chelsea (ENG) Vs Atletico Madrid (ESP) | SPORTS-1 |
| 6/12/2017 (WED) | 2:15 | Bayern Munich (GER) Vs PSG (FRA) | SPORTS-2 |
| 6/12/2017 (WED) | 2:15 | Barcelona (ESP) Vs Sporting CP (POR) | SPORTS-3 |
| 6/12/2017 (WED) | 2:15 | Olympiakos (GRE) Vs Juventus (ITA) | SPORTS-4 |
| 6/12/2017 (WED) | 2:15 | Manchester United (ENG) Vs CSKA Moskva (RUS) | SPORTS-5 |
| 6/12/2017 (WED) | 2:15 | Celtic (SCO) Vs Anderlecht (BEL) | Euro Sports News *** |
| 6/12/2017 (WED) | 2:15 | Roma (ITA) Vs Qarabağ (AZE) | Euro Sports *** |
| 6/12/2017 (WED) | 2:15 | Benfica (POR) Vs Basel (SUI) | SKY NET Live SD *** |
| 7/12/2017 (THURS) | 2:15 | Real Madrid (ESP) Vs Dortmund (GER) | SPORTS-1 |
| 7/12/2017 (THURS) | 2:15 | Shakhtar Donetsk (UKR) Vs Manchester City (ENG) | SPORTS-2 |
| 7/12/2017 (THURS) | 2:15 | Tottenham (ENG) Vs APOEL (CYP) | SPORTS-3 |
| 7/12/2017 (THURS) | 2:15 | Porto (POR) Vs Monaco (FRA) | SPORTS-4 |
| 7/12/2017 (THURS) | 2:15 | Liverpool (ENG) Vs Spartak Moskva (RUS) | SPORTS-5 |
| 7/12/2017 (THURS) | 2:15 | Maribor (SLO) Vs Sevilla (ESP) | Euro Sports News *** |
| 7/12/2017 (THURS) | 2:15 | Feyenoord (NED) Vs Napoli (ITA) | Euro Sports *** |
| 7/12/2017 (THURS) | 2:15 | RB Leipzig (GER) Vs Beşiktaş (TUR) | SKY NET Live SD *** |

https://www.facebook.com/skynetdthofficial/ http://www.skynetdth.com/

# 2017-18 SERIE - A

SKY NET

ဘောလုံးပွဲစဉ်များ



## WEEK-15 LIVE ပွဲစဉ်များ

| | | | | | |
|---|---|---|---|---|---|
| 2/12/2017 (SAT) | 0:00 | Roma | Vs | SPAL | SPORTS-1 |
| 2/12/2017 (SAT) | 2:15 | Napoli | Vs | Juventus | SPORTS-1 |
| 3/12/2017 (SUN) | 2:15 | Torino | Vs | Atalanta | SPORTS-1 |
| 3/12/2017 (SUN) | 18:00 | Benevento | Vs | AC Milan | SPORTS-1 |
| 3/12/2017 (SUN) | 20:30 | Inter Milan | Vs | Chievo | SPORTS-1 |
| 3/12/2017 (SUN) | 20:30 | Fiorentina | Vs | Sassuolo | SPORTS-3 |
| 4/12/2017 (MON) | 2:15 | Sampdoria | Vs | Lazio | SPORTS-1 |
| 5/12/2017 (TUE) | 0:30 | Crotone | Vs | Udinese | SPORTS-1 |
| 5/12/2017 (TUE) | 2:30 | Verona | Vs | Genoa | SPORTS-1 |

မှတ်ချက်-ယခုဇယားတွင်ဖော်ပြထားသောပွဲစဉ်များနှင့်Channel Line များသည်အခြေအနေအရမလွှဲမရှောင်သာအပြောင်းအလဲရှိတတ်ပါသည်။

http://www.skynetdth.com/ https://www.facebook.com/skynetdthofficial/



# SKY NET

LIGUE-1 FIXTURES (2017-18 SEASON)

## Week-16

| Date | Time | Match | Channel |
|---|---|---|---|
| 2/12/2017 (SAT) | 2:15 | Dijon Vs Bordeaux | SPORTS-5 |
| 2/12/2017 (SAT) | 22:30 | Strasbourg Vs PSG | Euro Sports News *** |
| 3/12/2017 (SUN) | 1:30 | Monaco Vs Angers | SPORTS-5 |
| 3/12/2017 (SUN) | 20:30 | Saint Etienne Vs FC Nantes | SPORTS-5 |
| 3/12/2017 (SUN) | 22:30 | Caen Vs Lyon | SPORTS-5 |
| 4/12/2017 (MON) | 2:30 | Montpellier Vs Marseille | SPORTS-5 |

မှတ်ချက်-ယခုဇယားတွင်ဖော်ပြထားသောပွဲစဉ်များနှင့်Channel Line များသည်
အခြေအနေအရမလွှဲမရှောင်သာအပြောင်းအလဲရှိတတ်ပါသည်။

# SPORTS highlights

## SKYNET Sports Football Preview

### ချဲလ်ဆီး-နယူးကာဆယ်( 2/12/2017 , 19:00 PM , SPORTS-6 , HD )

ရှုံးပွဲဆက်တာတွေများနေတဲ့နယူးကာဆယ် စတမ်းဖို့ဒ်ဘရစ်ချ်မှာလည်း ရှုံးကန်ရဦးမှာပါ။ လက်ရှိခြေစွမ်းအရ ချဲလ်ဆီးဟာ ခံစစ်နဲ့တိုက်စစ်မှာ ဟန်ချက်ညီနေပြီး ကွင်းလယ်လုပ်အားနှုန်းသိသိသာသာကွာခြားလွန်းတာကြောင့် ချဲလ်ဆီးဂိုးပြတ်အနိုင်ရဖို့သေချာနေပါတယ်။

ခန့်မှန်းရလဒ် - ချဲလ်ဆီး 2-0 နယူးကာဆယ်

### အာဆင်နယ်-မန်ယူ(3/12/2017 , 00:00 AM , SPORTS-6 , HD )

မန်ယူနည်းပြမော်ရင်ညိုက ထိပ်ဆုံး ၆ သင်းနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့နောက်ဆုံး ၁၀ပွဲမှာနိုင်ပွဲတစ်ပွဲမှမရခဲ့ဘူး။ အသင်းကြီးတွေနဲ့အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်ကိုအားပြုလွန်းတယ်။ အာဆင်နယ်က အိမ်ကွင်းရလဒ်တွေဆက်တိုက်ကောင်းထားပေမယ့် မော်ရင်ညိုရဲ့ခံစစ်ကစားပုံကြောင့်သရေကျသွားနိုင်တယ်။

ခန့်မှန်းရလဒ် - အာဆင်နယ် 1-2 မန်ယူ

### ဘာစီလိုနာ-ဆယ်လ်တာဗီဂို(2/12/2017 , 18:30 PM , SPORTS-2)

ဘာစီလိုနာက ဗယ်လ်ဗာဒီလက်ထက်ခံစစ်ကောင်းလာတာမှန်ပေမယ့် တိုက်စစ်မှာသိသိသာသာ အားနည်းသွားတာကို တွေ့ရတယ်။ အရင်လိုတိမ်းမူးဖွယ်ရာကောင်းတဲ့ကစားဟန်လည်းပျောက်သွားခဲ့တယ်။ ဒါပေမယ့်ခြေညှို့သွားတာမျိုးမဟုတ်တာကြောင့် ဘာစီလိုနာနိုင်မယ်၊ ဂိုးမပြတ်ဘူး။ ဂိုးနည်းမယ်။

ခန့်မှန်းရလဒ် - ဘာစီလိုနာ 2-0 ဆယ်လ်တာဗီဂို

### ဘီလ်ဘာအို-ရီးယဲလ်မက်ဒရစ်(3/12/2017 , 2:15 AM , SPORTS-2 , HD )

ဘီလ်ဘာအိုက ဗယ်လ်ဗာဒီထွက်ခွာသွားပြီးတဲ့နောက်မှာ အသင်းရဲ့မာဂုဏ်ပျောက်ဆုံးသွားခဲ့တယ်။ အရင် ဗယ်လ်ဗာဒီလက်ထက်တုန်းက ဆမ်မာမီးစ်ဟာသိပ်ကြောက်စရာကောင်းပေမယ့် အခုချိန်မှာမာဂုဏ်မရှိဖြစ်နေတာတွေကြောင့် ရီးယဲလ်မက်ဒရစ်အနိုင်ရဖို့မခက်လောက်ဘူး။ ဂိုးနည်းနိုင်တယ်။

ခန့်မှန်းရလဒ် - ဘီလ်ဘာအို 0-2 ရီးယဲလ်မက်ဒရစ်

### အင်တာမီလန်-ချီယေဗို (3/12/2017 , 20:30 PM , SPORTS-1)

အင်တာကနာပိုလီကို နစ်မှတ်အကွာနဲ့ဖိအားပေးနိုင်တုန်းပါပဲ။ အီကာဒီရဲ့သွင်းဂိုးတွေနဲ့အလုပ်ဖြစ်နေပြီး ရှုံးပွဲမရှိခြေစွမ်းပြနေတယ်။ အဲဒီတိုက်စစ်က အိမ်ကွင်း၊ အဝေးကွင်းမရွေးဘဲဂိုးတွေသွင်းယူနိုင်တာက ဒီရာသီအင်တာရဲ့ထူးခြားချက်ဖြစ်တာကြောင့် ခြေပျက်နေတဲ့ချီယေဗို ဂိုးပြတ် မရှုံးအောင်ဘဲရုန်းကန်ရမှာပါ။

ခန့်မှန်းရလဒ် - အင်တာမီလန် 3-0 ချီယေဗို

မင်းမဒီ

# SKYNET Sports Football Preview

## စထရာဘော့ဂ်-ပီအက်စ်ဂျီ(2/12/2017 , 22:30 PM , Euro Sports News)

တုန်းဆင်းဖုန်းနားကပ်နေတဲ့ စထရာဘော့ဂ်အတွက်ရင်လေးမိပါတယ်။ ပီအက်စ်ဂျီက လီဂူး-၁ မှာ ၉မှတ်အသာရရှိထားမှုနဲ့ အသင်းတိုင်းကို ဂိုးပြတ်အနိုင်ယူနိုင်စွမ်းရှိနေတယ်။ ပွဲတစ်ပွဲရဲ့ရလဒ်က သူတို့လက်ထဲမှာပဲရှိနေတယ်။ ပီအက်စ်ဂျီဂိုးဘယ်လောက်ပြတ်သွားမလဲဆိုတာကိုပဲစောင့်ကြည့်ရမှာပါ။

ခန့်မှန်းရလဒ် - စထရာဘော့ဂ် 0-3 ပီအက်စ်ဂျီ

## မိုနာကို-အန်းဂါးစ်(3/12/2017 , 1:30 PM , SPORTS-5)

ချန်ပီယံလိဂ်မှာ ရလဒ်တွေဆိုးနေပေမယ့် အမှတ်ပေးပြိုင်ပွဲမှာတော့ မိုနာကိုရုန်းကန်လို့ရနေသေးတယ်။ အိမ်ကွင်းမှာလည်း ပီအက်စ်ဂျီတစ်သင်းတည်းကိုပဲရှုံးထားတယ်။ အန်းဂါးကတန်းမဆင်းရဖို့ရုန်းကန်နေရတဲ့ အသင်းဖြစ်တာကြောင့်မိုနာကိုအတွက် အိမ်ကွင်းနိုင်ပွဲရဖို့ မခက်လောက်ဘူး။

ခန့်မှန်းရလဒ် - မိုနာကို 3-1 အန်းဂါးစ်

## ဖီအိုရင်တီးနား-ဆာဆူအိုလို (3/12/2017 , 20:30 PM , TBD)

ဆာဆူအိုလိုက တိုက်စစ်မှာ တော်တော်လေးလုပ်ရကိုင်ရခက်နေတယ်။ ဂိုးတစ်ဂိုးရဖို့အတွက် အသည်းအသန်လုပ်ယူနေရတယ်။ ဖီအိုကလည်း ခြေစွမ်းအကောင်းချည်းမဟုတ်ပေမယ့် တိုက်စစ်က ဆာဆူအိုလိုလောက်ဂိုးရဖို့ခက်နေတာမျိုးမရှိဘူး။ အိမ်ရှင်ဖီအိုရင်တီးနားအနိုင်ရသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ဖီအိုရင်တီးနား 2-0 ဆာဆူအိုလို

## အက်သလက်တီကို-ဆိုစီဒက်(2/12/2017 , 21:45 PM , SPORTS-2)

အက်သလက်တီကိုရဲ့တိုက်စစ်ခြေမှန်ပြန်ရနေတယ်။ နောက်ဆုံးပွဲစဉ်နှစ်ပွဲမှာ ၈ ဂိုးအထိသွင်းယူနိုင်ခဲ့တာကြောင့် အိမ်ကွင်းမှာရလဒ်ကောင်းရသွားလိမ့်မယ်လို့ယူဆမိတယ်။ ဆိုစီဒက်က ခံစစ်မှာပြဿနာအကြီးကြီးရှိနေတာကြောင့် အက်သလက်တီကိုအနိုင်ပြတ်သားသွားနိုင်တယ်။

ခန့်မှန်းရလဒ် - အက်သလက်တီကို 3-1 ဆိုစီဒက်

## မန်စီးတီး-ဝက်စ်ဟမ်း(3/12/2017 , 22:30 PM , SPORTS-6 , HD )

မန်စီးတီးက ခြေနည်းနည်းပြန်ကျသွားသလိုရှိတယ်။ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်လိုက်ရင် အနိုင်မပြတ်သားတဲ့ရလဒ်တွေနဲ့ ကပ်နိုင်သွားခဲ့တာတွေကိုတွေ့ရတယ်။ ဝက်စ်ဟမ်းခြေပျက်နေတာမှန်ပေမယ့် မန်စီးတီးရဲ့တိုက်စစ်ကစားပုံအနည်း ငယ်လေးလံသွားတာကြောင့် မန်စီးတီးအနေနဲ့ ပြတ်သားတဲ့ရလဒ်ရသွားမယ်မထင်ဘူး။

ခန့်မှန်းရလဒ် - မန်စီးတီး 2-0 ဝက်စ်ဟမ်း

မင်းမဒီ

# HEALTH GUIDE

## ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆွေးနွေးပွဲ စကားဝိုင်း

ယခင်တစ်ပတ်မှအဆက်

**ပါမောက္ခ သန်းသန်းအေး ။ ။** ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ အားလုံးအတွက်ပေါ့။ ကိုယ်ဝန်ဆောင်ချိန်မှာဖြစ်တဲ့ Gestational Diabetes (GD ) လို့ခေါ်ပါတယ်။ ဒီရောဂါရှိမရှိကို အရင်ဆုံးရှာဖွေဖော်ထုတ်ဖို့လိုတယ်။ ရှာဖွေဖော်ထုတ်ပြီးပြီဆိုရင် ကိုယ်ဝန်ဆောင်စဉ်ကာလ တစ်လျှောက်လုံးမှာ တိကျမှန်ကန်တဲ့နည်းနဲ့ ပြုစုစောင့်ရှောက်ဖို့လိုတယ်။ မိခင်တွေအားလုံးကို ဆီးချိုသွေးချိုနဲ့ သက်ဆိုင်တဲ့ ကျန်းမာရေး အသိပညာဗဟုသုတတွေကို သိအောင်လုပ်ပေးဖို့ လိုပါတယ်။ ကိုယ်ဝန်ဆောင်တွေမှာ ဆီးချိုသွေးချိုရောဂါက ကိုယ်ဝန်ဆောင်ခုနစ်ယောက်မှာ တစ်ယောက်က ဆီးချိုသွေးချိုရောဂါဖြစ်လာတာကို တွေ့ရတယ်။ ဒ့ါအပြင် ဘာက အရေးကြီးသလဲဆိုတော့ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါတွေ့တဲ့ အမျိုးသမီးတွေက အများအားဖြင့် အသက်၃၀အောက်မှာ တွေ့ရတတ်တယ်။ အရင်တုန်းကတော့ အသက်ကြီးမှသာ ဆီးချိုဖြစ်နိုင်တယ်ဆိုပြီးတော့ အသက်ငယ်တဲ့ ကိုယ်ဝန်ဆောင်တွေကို ရောဂါမရှာဘဲ ပေ့ါဆခဲ့မိဖူးတယ်။ အခုအချိန်မှာကျတော့ အသက်ငယ်ပေမယ့် ကိုယ်ဝန်ဆောင်မိခင် အရွယ်မှာပဲ ဆီးချိုဖြစ်နေပြီဆိုတာကို သိရှိဖို့လိုပါတယ်။



**ပါမောက္ခ ဒေါက်တာတင့်ဆွေလတ် ။ ။** မိခင်လောင်းတွေ အနေနဲ့ ကိုယ်ဝန်ရှိပြီလို့ သိတာနဲ့ ကိုယ်ဝန်ကို လာအပ်ဖို့လိုတယ်။ ဒါပေမယ့် လာအပ်တဲ့ ကျန်းမာရေးဌာနတွေမှာ ကိုယ်ဝန်လာအပ်တဲ့ ကိုယ်ဝန်ဆောင်တွေကို ငယ်တယ်ကြီးတယ်မခွဲခြားဘဲ ဆီးချိုသွေးချိုရှိမရှိ စစ်ဆေးရောဂါရှာပေးဖို့လိုပါတယ်။

**ပါမောက္ခ သန်းသန်းအေး။** တချို့ကတော့ ဆီးချိုသွေးချိုရောဂါက ကိုယ်ဝန်မဆောင်ခင်ကတည်းက ရှိနေကြတာ။ ကိုယ်ဝန်ဆောင်ချိန်မှာ စစ်လိုက်တဲ့အခါ ဆီးချိုသွေးချိုရောဂါကို တွေ့တယ်။ ကိုယ်ဝန်ဆောင်စမှာ ဆီးချိုသွေးချိုရောဂါမရှိပေမယ့် ကိုယ်ဝန်ရင့်လာတဲ့အခါမှလည်း ပေါ်လာနိုင်တယ်။ အဲဒီတော့ ကိုယ်ဝန်ဆောင်ချိန်တစ်လျှောက်လုံးမှာ ဆီးချိုသွေးချို ရှိမရှိကို ထပ်ခါတလဲလဲ စီစစ်ဖို့ အရေးကြီးတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေမှာ ဆီးချိုရှိမရှိ စစ်ဆေးတာ၊ ဖော်ထုတ်တာနဲ့ စောင့်ရှောက်တာတွေ အားလုံးဟာမြန်မာနိုင်ငံမှာလည်း ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုတွေအထိ ထိရောက်အောင် လုပ်သင့်ပါတယ်။



**ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်။ ။** နောက်တစ်ခါ အမျိုးသမီးငယ်တွေနဲ့ ကလေးငယ်တွေအတွက် သက်ဆိုင်တဲ့ အချက်ဖြစ်ပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဆရာကြီး ဦးကိုကိုက ပြောပြပေးပါဦး။

**ပါမောက္ခ ကိုကို။** ကျွန်တော်တို့ အနေနဲ့ အနာဂတ်တိုင်းပြည်ကြီးရဲ့တာဝန်ကို ထမ်းဆောင်မယ့် အနာဂတ်မျိုးဆက်သစ်တွေ ကျန်းမာဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်အောင်လို့ နေနိုင်ဖို့ပါပဲ၊ အဓိကအားဖြင့်တော့ ငယ်စဉ်ကတည်းက ကျန်းမာရေးနဲ့ ညီညွတ်အောင် စားသောက်နေထိုင်ဖို့၊ လူမှုပုံစံကို ရရှိဖို့အတွက်လိုပါတယ်။ ဒီလိုဖြစ်ဖို့အတွက် အဓိကပံ့ပိုးပေးတဲ့သူက အမျိုးသမီးငယ်များနဲ့ အမျိုးသမီးတွေက အဓိကအခန်းကနေ ပါဝင်နေတဲ့အကြောင်းကို ပြောလိုပါတယ်။ အစကတည်းက ကောင်းမှသာ နောင်ရေးကောင်းလာမှာ ဖြစ်ပါတယ်။ ဒီအချက်တွေက ဘာကိုပြောချင်တာလဲဆိုရင် ဆီးချိုသွေးချိုက ဆွေးနွေးထားခဲ့တဲ့အတိုင်း ဆိုးကျိုးတွေက သိပ်များတယ်။ ဒါကြောင့် ရောဂါမဖြစ်အောင်ကြိုတင်ကာကွယ်တာက အကောင်းဆုံးပါပဲ။

သုတေသနစာတမ်းတွေအရ ၇ဝ ရာခိုင်နှုန်းသော ဆီးချိုသွေးချိုရောဂါရှင်တွေက ကျန်းမာရေးနဲ့ ညီညွတ်အောင် နေထိုင်စားသောက်တဲ့ လူနေမှုပုံစံကို ရရှိမယ်ဆိုရင် ကာကွယ်လို့ရတယ်ဆိုတာကို အတိအလင်း ဖော်ပြထားပြီးဖြစ်ပါတယ်။

အိမ်ထောင်စုတစ်စုမှာ ကလေးတွေရဲ့ အစားအသောက်ကို ကျန်းမာရေးနဲ့ညီညွတ်အောင် စားသောက်မယ်၊ ကျန်းမာရေးနဲ့ညီညွတ်အောင် ဘယ်လိုနေထိုင်စားသောက်မယ်ဆိုတာတွေကိုသိလာအောင် အဓိကဦးဆောင် စီစဉ်ပေးရမယ့် သူကတော့ မိခင်တွေ၊ မိခင်ဖြစ်လာမယ့် အမျိုးသမီးတွေနဲ့ ကလေးငယ်တွေက အဓိကအခန်းမှာ ပါဝင်တယ်ဆိုတာကို ကျွန်တော်တို့ ပြောချင်ပါတယ်။ တကယ်တမ်း ကျွန်တော်တို့ ကြည့်လိုက်တော့ ဆယ်ကျော်သက်ဘဝတွေမှာ ကျွန်တော်တို့က အရွယ်မတိုင်ခင်သေဆုံးတဲ့ သေဆုံးမှုတွေရဲ့ ၇ဝ ရာခိုင်နှုန်းက ဆယ်ကျော်သက်ဘဝမှာ ကျန်းမာရေးနဲ့ ညီညွတ်အောင် နေထိုင်စားသောက်မှုတွေ မလုပ်ခဲ့လို့ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်ရတာပါ။

ဒါကြောင့် ကျန်းမာရေးနဲ့ ညီညွတ်အောင်နေထိုင်စားသောက်ကြပါ။ ဒီအတွက် အမျိုးသမီးတွေက အဓိကအခန်းကဏ္ဍက ပါဝင်တယ်ဆိုတဲ့အကြောင်းကို ပြောချင်ပါတယ်။

**ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်။ ။** ဒါတွေက အရေးကြီးပါတယ်။ ဒီနှစ်အတွက် Women and Diabetes Our Right to a Healthy Future ဆိုတဲ့ Theme နဲ့ပတ်သက်ပြီး အဓိကကျတာတွေကို သတင်းပေးရင်းနဲ့ ကမ္ဘာနဲ့တစ်ဝန်းမှာ ကျွန်တော်တို့ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာကော ဒီနှစ်ဆီးချိုသွေးချိုနေ့ အထိမ်းအမှတ်အနေနဲ့ ဘယ်လိုတွေဆောင်ရွက်မယ်ဆိုတာတွေကိုလည်း ပြောပြပေးစေချင်ပါတယ်။

**ပါမောက္ခ ကိုကို။** နှစ်စဉ်နှစ်တိုင်းကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနပူးပေါင်းပြီး နိုင်ငံတော်အဆင့်နဲ့ ဝန်ကြီးဌာနအဆင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ကို နေပြည်တော်၊ ကျန်းမာရေးနဲ့ အားကစား ဝန်ကြီးဌာနရုံးခန်းမှာ အမြဲကျင်းပပါတယ်။ နေပြည်တော်မှာကတော့ အကြမ်းဖျင်း နိုဝင်ဘာလ ၁၇ ရက်နေ့ကို သတ်မှတ်ထားပါတယ်။

**ပါမောက္ခ သန်းသန်းအေး။ ။** သီရိသလောက်ကတော့ မန္တလေးမှာလည်း နိုဝင်ဘာ ၁၉ ရက် နေ့တုန်းက ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို လုပ်ခဲ့ပါတယ်။

**ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်။** တကယ်က ဒီအခမ်းအနားကို တစ်ပြည်လုံးမှာ ကျယ်ကျယ်ပြန့်ပြန့်လုပ်သင့်တာပါ။ ရန်ကုန်မှာလည်း ဦးဝိစာရလမ်းမှာရှိတဲ့ မိုင်ဒါကွင်းမှာ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်နေ့က လုပ်ခဲ့ပါတယ်။ လူထုအားကစားလှုပ်ရှားပွဲလုပ်ပါတယ်။ လူထုကို အခမဲ့ကျန်းမာရေး စစ်ဆေးပေးတာတွေလုပ်ပါတယ်။ ရောဂါမဖြစ်သေးပေမယ့် ဆီးချိုသွေးချို ဖြစ်ပွားနိုင်ခြေဘယ်လောက်ရှိသလဲဆိုတာတွေကို တွက်ပေးပါတယ်။ ကျန်းမာရေးပညာပေးဆိုင်ရာ စာရွက်စာတမ်းတွေကိုလည်း အခမဲ့ဖြန့်ဖြူးခဲ့ပါတယ်။



# ဥပဒေရေးရာ အမေးကဏ္ဍ

**၃.၁၂.၂၀၁၇ ( တနင်္ဂနွေ ) ညနေ ၃း၃၀၊ ည ၉း၃၀ နာရီ**
**၄.၁၂.၂၀၁၇ ( တနင်္လာ ) နံနက် ၉း၃၀ နာရီ**



Home Channel ရဲ့ Program Hight Light အစီအစဉ်လေးအကြောင်း မိတ်ဆက်ပေးချင်ပါတယ်။ ဒီအစီအစဉ်ကတော့ အနယ်နယ် အရပ်ရပ်က မိဘပြည်သူတွေ ကြုံတွေ့နေရတဲ့ မှုခင်းပြဿနာအခက်အခဲများနဲ့ ဥပဒေဗဟုသုတများရရှိစေဖို့အတွက် အနယ်နယ်အရပ်ရပ်က ပေးပို့ မေးမြန်းလာတဲ့ ဥပဒေဆိုင်ရာမေးခွန်းများကို ဥပဒေစီရင်ချက်၊ စီရင်ထုံးများနှင့်တကွ ပြည့်ပြည့်စုံစုံ ပြန်လည်ဖြေကြားပေးနေတဲ့ အစီအစဉ်ကောင်းတစ်ခု ဖြစ်ပါတယ်။ ဥပဒေဆိုင်ရာ၊ စီရင်ထုံးဆိုင်ရာတွေနဲ့ ပတ်သက်ပြီး ဗဟုသုတ အထောက်အကူကောင်းတွေ ရရှိမှာဖြစ်လို့ ဒီအစီအစဉ်ကို SKYNET Home Channel မှာ ကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။





# ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် မှ ၈ ရက်

# ဇင်ယော်နီ



## (၇)ရက်သားသမီးများအတွက်

## အ ယူ တော် မင်္ဂ လာ ယ ကြာ




ဒီရက်တွေအတွင်းမှာ ပညာရေးကိစ္စ၊ လျှောက်လွှာကိစ္စ၊ ရာထူးကိစ္စ၊ ကြီးကဲသူများနှင့် ဆက်ဆံပြောဆိုရမည့်ကိစ္စများကို ဦးစားပေးသင့်ပါတယ်။ မိန်မကြီးတစ်ယောက်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ ဆီး၊ မျက်စိ၊ အစာအိမ် ကျန်းမာရေး ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဆွေမျိုးတွေက ဂင်ရောက်ကူညီတတ်ပါတယ်။ ၃၉ အစ ထီထိုးပါ။

ယကြာ။ ။ ကံဇာတာပွင့်လန်းရန် မိခင်၊ အဒေါ်ကဲ့သို့သော အမျိုးသမီးကြီးများကို ရေခဲမုန့်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သော ပစ္စည်းတွေကို ကြက်သွန်ဥနဲ့ ခေါက်ပါလေ။




ဒီရက်တွေအတွင်းမှာ ဆုံးဖြတ်ချက် ပြတ်ပြတ်သားသားချခြင်း၊ ငွေကြေးကိစ္စ၊ စာရင်းဇယားကိစ္စ ရှင်းလင်းစရာရှိသည်များကို ရှင်းလင်းခြင်းတွေကို ဦးစားပေးသင့်ပါတယ်။ ရုံးပြင်ကန္တားလိုပြဿနာမျိုးတွေနဲ့ ပတ်သက်ရတတ်ပါတယ်။ ခြေထောက်၊ ခါး၊ အကြော၊ အဆစ် ကျန်းမာရေး ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ လူကြီးမိဘတွေ ဂင်ပါလာတတ်ပါတယ်။ ၄၁ ဂဏန်း အစထီထိုးပါ။

ယကြာ။ ။ ကံဇာတာပွင့်လန်းရန် ကြီးကဲသူတစ်ဦးဦးကို ဖိနပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သော ပစ္စည်းတွေကို သခွားသီးနဲ့ ခေါက်ပါလေ။




ဒီရက်တွေအတွင်းမှာ ဘာသာရေးကိစ္စ၊ ပညာရေးကိစ္စ၊ ဓေ့စပ်ညှိနှိုင်းရေးကိစ္စ၊ ငွေဟောင်း၊ ကြွေးဟောင်း ကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ပစ္စည်းပျောက်ခြင်း၊ အခိုးခံရခြင်းများကို သတိပြုပါ။ အကြော၊ အာရုံကြော ကျန်းမာရေးသတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ဆွေမျိုးအသိုင်းအဝိုင်းတို့ရဲ့ အကူအညီကောင်းကို ရတတ်ပါတယ်။ ၅၂ ဂဏန်းအစ ထီထိုးပါ။

ယကြာ။ ။ ကံဇာတာပွင့်လန်းရန် ဘုန်းတော်ကြီးကို လှူဖွယ်တစ်ခုခုလှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ချဉ်ပေါင် ၅ ညွန့်နဲ့ ရိုက်ပါလေ။




ဒီရက်တွေအတွင်းမှာ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေးကိစ္စများ၊ ရုပ်ဂေးပြည်ပနှင့် ပတ်သက်သောကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ဆွေမျိုးသားချင်းတို့အတွက် စိတ်ညစ်စရာ ကြုံတတ်ပါတယ်။ အဖျားအနာကြုံတတ်ပါတယ်။ ချစ်သူ၊ အိမ်ထောင်ဖက်တို့ရဲ့ သတင်းကောင်းကို ကြားမယ်။ ၆၃ ဂဏန်းအစ ထီထိုးပါ။

**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မယ်တော်တစ်ပါးပါးအား သစ်သီးလှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ထန်းလျက်ခဲနဲ့ ခေါက်ပါလေ။




ဒီရက်တွေအတွင်းမှာ ယာဉ်ရထားကိစ္စ၊ စက်ပစ္စည်းကိစ္စ ပြတ်ပြတ်သားသား ပြောဆိုဖြေရှင်းရမယ့်ကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ လုပ်ငန်းပြိုင်တွေ၊ အတိုက်အခံတွေများတတ်ပါတယ်။ ဆွေမျိုးသားချင်းတို့အတွက် စိတ်ညစ်စရာ ကြုံတတ်ပါတယ်။ မတော်တဆ ထိမိခိုက်မိဖြစ်တတ်တာကို သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ညှိနှိုင်းရခက်တာတွေများနေတတ်ပါတယ်။ ၇၄ ဂဏန်းအစ ထီထိုးပါ။

**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ကလေးတစ်ဦးကို ကစားစရာကားတစ်စီး လက်ဆောင်ပေးရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီ ၇ ပွင့်နဲ့ ရိုက်ပါလေ။




ဒီရက်တွေအတွင်းမှာ မရေမရာ၊ မတင်မကျတွေ များနေတတ်ပါတယ်။ ဟိုဟာလုပ်ရကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးနဲ့ အချိန်ကုန်နေတတ်ပါတယ်။ အရောင်းမှား၊ အဝယ်မှား၊ ကတိပေးမှား၊ စကားမှားတာတွေကို သတိပြုပါလေ။ ခရီးတို၊ ခရီးနီးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ ခြေထောက်ကျန်းမာရေး သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အခုတစ် မျိုး၊ တော်ကြာတစ်မျိုး ဖြစ်နေတတ်ပါတယ်။ ၄၀ ဂဏန်းအစ ထီထိုးပါ။

**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ဖိနပ်အဟောင်းတစ်ရံကို စွန့်ပစ်ရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို သတင်းစာနဲ့ ရိုက်ပါလေ။




ဒီရက်တွေအတွင်းမှာ လုပ်ငန်းသစ်စခြင်း၊ အစီအစဉ်အသစ်စခြင်း၊ ခရီးသွားလာခြင်းနှင့် သယ်ယူပို့ဆောင်ရေးအလုပ်တွေကို ဦးစားပေးသင့်ပါတယ်။ ငွေကြေး၊ ပစ္စည်း၊ စာရင်းဇယား အရှုပ်အထွေးဖြစ်တတ်တာကိုတော့သတိပြုပါ။ လက်မှာ ထိမိခိုက်မိဖြစ်ခြင်းကြုံတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ရုတ်တရက် အပြောင်းအလဲတွေ များတတ်ပါတယ်။ ၁၄ ဂဏန်းအစ ထီထိုးပါ။

**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ ရေတစ်ခွက်၊ မီးတစ်တိုင်၊ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့် ကပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းမှုတ်ခွက်နဲ့ ခေါက်ပါလေ။

သမေ္မဓမ္မာ
ဇင်ယော်နီ

mntv

your point of view

UHF Antenna ဖြင့် အခမဲ့ကြည့်ရှုနိုင်ပြီ

MYANMAR NATIONAL TV

MNTV

**MNTV - မြန်မာနေရှင်နယ်ရုပ်သံလိုင်း** သည် မြန်မာနိုင်ငံနှင့် မြန်မာတစ်မျိုးသားလုံးကို ကိုယ်စားပြုပြီး ပြည်တွင်းနှင့်ပြည်ပတို့တွင် အချိန်နှင့်အမျှဖြစ်ပေါ်ပြောင်းလဲနေသော ကဏ္ဍအစုံစုံကို မြန်မာဘာသာဖြင့် ထုတ်လွှင့်ပေးနေသည့် **INFOTAINMENT** ရုပ်သံလိုင်းဖြစ်ပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ပြည်သူများ၏ လက်တွေ့ဘဝနှင့်ရင်တွင်းခံစားချက်များ၊ နေ့စဉ်နှင့်အမျှတိုးတက်ပြောင်းလဲနေသော မြန်မာနှင့်ကမ္ဘာ့မျက်မှောက်ရေးရာများ၊ ရှုမငြီးသည့် မြန်မာ့သဘာဝရှုခင်းများ၊ အသိပညာလည်းရ အပန်းလည်းပြေစေမည့် အစီအစဉ်ကောင်းများစွာတို့ကို ရှုထောင့်အစုံစုံမှ ၂၄ နာရီ အခမဲ့ထုတ်လွှင့်ပေးနေသည့် ရုပ်သံလိုင်းဖြစ်ပါသည်။ တစ်မျိုးတစ်ဘာသာ ဆန်းသစ်စွာပေါ်ထွက်လာသော **MNTV** ရုပ်သံလိုင်းကို မိဘပြည်သူများအနေဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ တောင်ကြီး၊ ပြည်၊ တောင်ငူ၊ မင်းဘူး၊ မိတ္ထီလာ၊ မော်လမြိုင်၊ မုံရွာ၊ ပဲခူး၊ ကျောင်းကုန်းမြို့ နှင့် ဖုင်းမြို့တို့၏ အနီးတဝိုက်တွင် **UHF Antenna** ဖြင့် အခမဲ့အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ကျေးမြို့များတွင်လည်း **SKYNET DTH** စက်များတွင်ကြည့်ရှုနိုင်ပါသည်။

Tel +95-1-01 9000836, +95-1-01 9000837 ၊ Fax +95-1-01 9000837 ၊ Info@myanmarnational.tv ၊ news@myanmarnational.tv
www.myanmarnational.tv ၊ f myanmarnationaltv ၊ Myanmar National TV Channel တွင်ကြော်ငြာများ ထည့်သွင်းလိုပါက အမှတ် ၂၁၆/၂၂၂ ၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ် ၀၁- ၂၉၅၄၀၂ ၊ ၀၁- ၂၉၅၄၀၃ ၊ ၀၉-၄၄၉၀၁၀၃၁၀၁၊ ၀၉-၄၄၉၀၁၀၃၁၀၂ သို့ဆက်သွယ်၍ ထည့်သွင်းနိုင်ပါသည်။